BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ် * ခရစ်နှစ် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၅) | အမှတ် (၃၂)

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ**

# ပြည်သူများအနေဖြင့် စိတ်ရှည်သည်းခံကြရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောကြား



မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာမည်ဟု သူ့အနေနှင့် ယုံကြည်ကြောင်း၊ သို့သော် ပြောင်းလဲမှုများသည် မိမိတို့ လိုလားသလို မြန်မြန်ဆန်ဆန် ဖြစ်မလာသေးဘဲ နှေးကွေးနိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် စိတ်ရှည်သည်းခံကြဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ (၁၀)ရက်နေ့တွင် ပြုလုပ်သည့် ဘီဘီစီ အသံလွှင့်ဌာနနှင့် ဆက်သွယ်မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

ယခုနှစ် မေလက နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက်ပိုင်း မိမိတို့အနေဖြင့် နအဖ ဗိုလ်ချုပ်ကြီးများနှင့် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ပြီးနောက် တိုးတက်မှုတစုံတရာ ရှိခဲ့သော်လည်း ရှေ့ဆက်ရမည့် ခရီးမှာ များစွာ ကျန်နေသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

မိမိသည် နအဖ ဗိုလ်ချုပ်ကြီးများအပေါ် ဘာအာဃာတမှ မထားကြောင်း မြန်မာ့တပ်မတော်သည် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း မျိုးစေ့ချ တည်ထောင်ခဲ့သည့်အတွက် မိမိအနေဖြင့် သံယောဇဉ်ထားရှိပြီး နှလုံးသားတွင်လည်း အမြဲနွေးထွေးပါကြောင်း ပြောဆိုခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ပြောကြားခဲ့ရာတွင် ပြုပြင်ပြောင်းလဲမှုများသည် ယခုအချိန်မှစ၍ တနှစ်ခန့်အတွင်း ဖြစ်ပေါ်လာနိုင်ကြောင်း ခန့်မှန်းပြောဆိုခဲ့ပြီး လ အနည်းငယ်အတွင်း မဖြစ်လာနိုင်ဘူးဟူ၍လည်း ပြော၍မရကြောင်း ထုတ်ဖော်ပြောဆိုသွားသည်။

မြန်မာပြည်သူများနှင့် ပတ်သက်၍ လူထုခေါင်းဆောင်က ပြောကြားသွားရာတွင် မကောင်းတာ၊ မတရားတာမြင်တိုင်း ကြောက်ရွံ့ပြီး ကောင်းပါတယ်၊ တရားပါတယ်လို့ ပြောကြမည့်အစား မကောင်းဘူး၊ မတရားဘူးဟု အရှိကို အရှိအတိုင်း ပြောဆိုကြရန်လိုကြောင်း အမှန်ကို အမှန်အတိုင်း ပြည်သူလူထုက ထုတ်ဖော်သွားမည်ဆိုပါက တိုင်းပြည်အတွက် အကျိုးအများကြီး ဖြစ်လာမည်ဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

အဆိုပါ မေးမြန်းခန်းတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့နိုင်ငံရေး ကြားဝင်စေ့စပ်ပေးနေသူ ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ် မစ္စတာ ရာဇာလီအစ္စမေးလ်အား မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းအဖြစ် ချီးကျူး ပြောဆိုသွားခဲ့သည်။

မစ္စတာ ရာဇာလီသည် နအဖနှင့် အန်အယ်ဒီတို့အကြား အောက်ခြေအဆင့်တွင် တွေ့ဆုံဆွေးနွေးမှုများ ရှိနေသော်လည်း အနှစ်သာရ ပြည့်ဝသည့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ ဖြစ်မလာသေကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး (၉) ကြိမ်မြောက် မြန်မာပြည် ခရီးစဉ်အတွင်းတွင် အမျိုးသားညီလာခံအသစ် ပြန်လည်ပြုလုပ်ရန် နအဖ စစ်အုပ်စုကို တိုက်တွန်းခဲ့သည်ဟုဆိုသည်။ ❖

**(တွေ့ဆုံမေးမြန်းခန်း ကောက်နှုတ်ချက်များကို အတွင်းစာမျက်နှာတွင် သီးခြားဖော်ပြထားသည်။)**

# ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီတွင် အဖွဲ့ဝင်သစ် နှစ်ဖွဲ့ တိုးပြီ

ဒီဇင်ဘာ (၄) ရက်၊ ရန်ကုန်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ၏ ပုံမှန်အစည်းအဝေးတရပ်ကို ဒီဇင်ဘာလ(၄)ရက် ဗုဒ္ဓဟူးနေ့က ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ထိုအစည်းအဝေး၌ မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ကြပြီး လွှတ်တော်ကိုယ်စားပြုကော်မတီတွင် အဖွဲ့ဝင်သစ်များအဖြစ် ဆန္ဒပြု လျှောက်ထားကြသော အဖွဲ့(၄)ဖွဲ့ထဲမှ အဖွဲ့ (၂)ဖွဲ့ကို အဖွဲ့ဝင်သစ်များအဖြစ် လက်ခံခဲ့သည်။

ယခုနှစ် အောက်တိုဘာလအတွင်းက ပြုလုပ်ခဲ့သော CRPP ၏ အစည်းအဝေးတွင် အဖွဲ့ဝင်သစ်များ တိုးချဲ့လက်ခံရန် ဆုံးဖြတ်ချက်တရပ်ပါဝင်လာခဲ့ရာ ထိုဆုံးဖြတ်ချက်ကို စတင်အကောင်အထည်ဖော်သည့်အနေဖြင့် ထိုအစည်းအဝေးမှစ၍ အဖွဲ့ဝင်သစ်များကို စတင်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖွဲ့နှစ်ဖွဲ့မှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရထားသည့် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး ပါဝင်သော အမျိုးသားဒီမိုကရေစီပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး ပါဝင်သည့် အမျိုးသားလူ့အခွင့်အရေးနှင့် ဒီမိုကရက်တစ်ပါတီတို့ဖြစ်သည်။

အဖွဲ့ဝင်သစ်များအဖြစ် စတင်လက်ခံရန် လျှောက်ထားသည့် အဖွဲ့(၄)ဖွဲ့အနက် အထက်ပါအဖွဲ့နှစ်ဖွဲ့ကို CRPP ၏ အဖွဲ့ဝင်သစ်များအဖြစ် စတင်လက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး၊ ကျန်အဖွဲ့ဝင်များဖြစ်သည့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့နှင့် တသီးပုဂ္ဂလတဦးတို့မှာ ဆက်သွယ်ရန် မရသေးသည့်အတွက် နောက်တကြိမ် ပြန်လည်ဆက်သွယ်ထားကြောင်း CRPP ပြောရေးဆိုခွင့်ရှိသူ ဦးအေးသာအောင်၏ အဆိုအရ သိရသည်။

ထိုသို့ အဖွဲ့ဝင်သစ်များ တိုးချဲ့လက်ခံခြင်းကိစ္စနှင့်ပတ်သက်၍ CRPP အနေဖြင့် အခက်အခဲ ကြုံတွေ့ရမှုရှိပါသလားဟူသော အသံလွှင့်ဌာနတခု၏ မေးမြန်းချက်ကို ဦးအေးသာအောင်က ဖြေကြားရှင်းလင်းသွားခဲ့ရာတွင် အခက်အခဲမရှိကြောင်း၊ CRPP သည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများဖြစ်ကြောင်း ပြောကြားသွားခဲ့ပြီး ယခုလို CRPP အနေဖြင့် အဖွဲ့ဝင်သစ်များ လက်ခံသည့်အပေါ် CRPP ၏ သုံးသပ်ချက်ကို ပြောကြားသွားခဲ့ရာတွင် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအားလုံးတန်းတူရေးကို ဦးတည်သည့် ပြည်ထောင်စုတရပ် ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြမည့် ပါတီများဖြစ်ကြ၍ အင်အားတရပ်တိုးလာသည်ဟု သုံးသပ်ထင်မြင်မိကြောင်း ပြောကြားသွားခဲ့သည်။

ရပ်ဆိုင်းနေသည့် တွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်၍၎င်းက ပြောကြားခဲ့ရာတွင်လည်း CRPP သည် တိုင်းရင်းသားများအပါအဝင် အဓိကအားဖြင့် ရွေးကောက်ပွဲ အနိုင်ရပါတီများနှင့် ဖွဲ့စည်းထားသောအဖွဲ့ကြီးဖြစ်ကြောင်း၊ ယနေ့ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေးစသည့် အခက်အခဲပေါင်းစုံ ဖြေရှင်းရေးအတွက် တွေ့ဆုံဆွေးနွေးမည်ဆိုပါက CRPP နှင့် တွေ့ဆုံဆွေးနွေးမှုသည် အကောင်းဆုံးဖြစ်ကြောင်း၊ အမြန်ဆုံး တွေ့ဆုံဆွေးနွေးမှုပြုနိုင်ပါက လက်ရှိနိုင်ငံရေး အကျပ်အတည်းများကို အလျင်အမြန် ဖြေရှင်းသွားနိုင်မည်ဟု ယူဆကြောင်း ပြောကြားသွားခဲ့သည်ဟု ဆိုသည်။

ဆက်လက်၍ CRPP အတွင်းရေးမှူး ဦးအေးသာအောင်က မိမိတို့အနေဖြင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှ ပေးအပ်လိုက်သည့် တာဝန်ဝတ္တရားကို အစဉ်မပြတ် ကြိုးစားနေသကဲ့သို့ ပြည်သူတရပ်လုံးအနေဖြင့်လည်း ယခုထက်ပို၍ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းပြီး ဆထက်ထမ်းပိုး ကြိုးပမ်းသွားကြရန် တိုက်တွန်းဆော်ဩသွားခဲ့ကြောင်း သိရသည်။ ❖

# (၈၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပ

## အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အဓိပ္ပာယ်ပြည့်ဝသောဆွေးနွေးပွဲများစတင်ရန် ကြေညာချက် ထုတ်ပြန်တိုက်တွန်း

ပြီးခဲ့သည့် နိုဝင်ဘာလ (၂၈)ရက်၊ သောကြာနေ့က ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးတွင် (၈၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားတရပ် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည့်နှင့် ပါတီဗဟိုအလုပ်မှုဆောင် ကော်မတီဝင်များ၊ အခြား NLD ပါတီဝင်များ၊ ပြည်သူလူထုများနှင့် ဖိတ်ကြားထားသည့် ဝါရင့်နိုင်ငံရေးသမားကြီးများ မဟာမိတ်တိုင်းရင်းသားပါတီများမှ ဧည့်သည်တော်များ၊ စာနယ်ဇင်းသမားများ စုစုပေါင်း ဧည့်သည်တော် (၅၀၀)နီးပါး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့က မိန့်ခွန်းမြွက်ကြားခဲ့ကြပြီး အမျိုးသားအောင်ပွဲနေ့ ကြေညာစာတမ်းကို NLD ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းက ဖတ်ကြားသွားခဲ့သည်။

အဆိုပါ ကြေညာစာတမ်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်

စာမျက်နှာ(၈) ကော်လံ (၁)သို့ ○

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# တပ်မတော်သမိုင်းကို အကောင်းဆုံးရေးထိုးရန် ယနေ့ဗိုလ်ချုပ်ကြီးများအတွက် အချိန်တန်ပြီ

စစ်အာဏာရှင် ဦးနေဝင်းတယောက် ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ (၅)ရက်နေ့ မနက်က ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ "ကာယကံရှင်၏ ဆန္ဒအရ"ဟုဆိုရာ နေ့ချင်းပြီး မီးသင်္ဂြိုလ် လိုက်ကြသည်။ တရားဝင်လက်ထပ်ထားသောဇနီးများ (ရတနာ နတ်မယ်အပါအဝင်)အနက် ဒေါ်ခင်မေသန်းတဦးကိုသာ သတင်းစာမှာ ဖော်ပြထားပြီး၊ ၎င်း၏နိုင်ငံရေး ဆောင်ရွက် ခဲ့မှုအကျဉ်းကိုမျှ ဖော်ပြထားမှုမရှိပေ။ ကုန်ကုန်ပြောရလျှင် 'သခင်'နှင့် 'ရဲဘော်သုံးကျိပ်ဝင်' ဟူ၍ပင် ဖော်ပြထားခြင်းမရှိ။ သံဝေဂ ရစရာပင်။

ဟစ်တလာသည် သူ၏အလောင်းကောင်ကြီးကို မထားဝံ့ခဲ့ပေ။ သူ့ဇနီးသည်၊ ယုတ်စွအဆုံး သူ့ခွေးကြီးကိုပင် မထားခဲ့၊ "ဒါ ဟစ်တလာ အလောင်းကောင်ကြီး"၊ "ဒါ ဟစ်တလာမိန်းမ"၊ "ဒါ ဟစ်တလာခွေး"ဟု ကမ္ဘာ့ပြည်သူတွေ၏ အမုန်းဘေးက ကင်းဝေးသည့် အခြားနည်းလမ်း တခုခု ရှာမတွေ့အောင် သူအသေခက်ခဲ့သည်။ သူသိပ်ချစ်သော မိန်းမနှင့် ခွေးကိုပစ်သတ်၊ သူ့ကိုသူပစ်သတ်၊ သူတို့ကို ဓာတ်ဆီလောင်းမီးရှို့ပြီး အရိုးပြာတွေကိုပါ ဖျောက်ဖျက်ပစ်ရန် သူမှာခဲ့သည်။ သူစီစဉ်ခဲ့သည့်အတိုင်း ဟစ်တလာ သေမသေ ပဟေဠိဖြစ်ကျန်၍ကော စစ်ရာဇ ဝတ်ကောင် ဟစ်တလာနှင့် သူ၏အပေါင်းအပါများ သမိုင်းစာမျက်နှာထဲမှ ထွက်ပြေး လွတ်မြောက် နိုင်ခဲ့ပါ၏လော။

မြန်မာစာပေလောကတွင် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသတို့၏ အုတ်ဂူများကို ယခုဘယ်မှာ ရှာရမည်နည်း။ သို့သော် သူတို့၏စာများသည် မြန်မာစာပေလောက၌ ယခုထက် တိုင်ပင် အသက်ရှင်သန်လျက် ရှိနေကြသည်။ နောင်လည်း ဆက်လက်၍ ရှင်သန်နေပေလိမ့် မည်။ ပြည်သူ့ဘက်ကရပ်တည်ပြီး ပြည်သူကို အလုပ်အကျွေးပြုသွားသူ၊ အများအတွက် ကိုယ်ကျိုးစွန့်သူ၊ အမှန်တရားအတွက် တိုက်ပွဲဝင်သူတို့အတွက် အုတ်ဂူမလို။ သူတို့၏ စာများ၊ လုပ်ဆောင်ချက်များသည် ပြည်သူလူထု၏ နှလုံးအိမ်တွင် အုတ်ဂူအဖြစ် ထာဝရ သိမ်းဆည်း ထားရှိနေပေလိမ့်မည်။

"ကျွန်တော်တို့အနေနဲ့ အခြေခံဥပဒေကို ရိုသေလေးစားပါတယ်။ ပါလီမန် ဒီမိုကရေစီ ကိုလည်း လေးစားပါတယ်။ ဦးအေးမောင်က ကြာကြာလုပ်ဖို့ပြောတယ်။ ကျနော့်အနေနဲ့ ကြာကြာမလုပ်ချင်ဘူး။ ကြာရင် အာဏာက ကျနော်တို့ကို ဖျက်ဆီးသွားမယ်" မှန်ပါသည်။ ဤစကားကို ဦးနေဝင်း အိမ်စောင့်အစိုးရလက်ထက်က ပြောခဲ့ပါတယ်။ အခုတော့ ဦးနေဝင်း တယောက် အာဏာက ဖျက်ဆီးလိုက်လို့ သမိုင်းမှာ အဖတ်ဆည်စရာ မရှိတော့ပေ။ လူပုံ အလယ်မှာ မျက်နှာမပြဝံ့။ သူကိုယ်တိုင် လိုလိုလားလား အာဏာနဲ့ အဖျက်ဆီးခံလိုက်သည်သာ ဖြစ်ပါသည်။

"အနည်းဆုံး ခါးကို ခါးနဲ့၊ လှံကို လှံနဲ့ (Face to Face) ရင်ဆိုင်ဖို့ပဲလိုတယ်" ဟူ၍ စရိုက်ကြမ်း၊ အာကြမ်း နိုင်ငံအာဏာကို တခါထပ်သိမ်းပြီး အာဏာကန့်လန့်ကာ နောက်ကွယ်ကို ဝင်အံ့ဆဲဆဲမှာလည်း "စစ်တပ်ဆိုတာ မိုးပေါ်ထောင်ပြီး ချောက်တာမပါဘူး၊ ပစ်ရင် တည့်တည့် ပစ်တယ်"ဟု ငှက်ဆိုးထိုးဖြစ်အောင် ထိုးခဲ့သည်။

လက်နက်မဲ့ ရဟန်းရှင်လူ၊ ပြည်သူတွေနှင့် ကျောင်းသား ကျောင်းသူများကို မပစ်ခတ်ရန် စစ်ဖိနပ်ကို ဦးတိုက်ရှိခိုးတောင်းပန်သည်ပင် မရခဲ့။ လမ်းများပေါ်တွင် အတုန်းအရုန်း သေကြေ သွေးမြေကျခဲ့ကြသည်။ ဤသည်မှာ ဦးနေဝင်းနှင့် သူ့နောက်ဆက်ခံသော ဗိုလ်ချုပ် တကာ့ ဗိုလ်ချုပ်ကြီးများ ဝန်ခံဖြောင့်ချက်ပေးရန် အမြဲတမ်းတင်ရှိနေမည့် ရာဇဝင်ကြွေး များပင် ဖြစ်ပါသည်။

လူဟူသည် ကိုယ့်သမိုင်း ကိုယ်ရေးကြရသူချည်း ဖြစ်ပါသည်။ ဘယ်သူမပြု မိမိမှုပါ။ အကောင်းရေးသလား၊ အဆိုးရေးသလား၊ ကိုယ်ကိုယ်တိုင်ရေးသည့်သမိုင်းကို ကိုယ်ကိုယ်တိုင်နှင့် ကိုယ့်ဆွေစဉ်မျိုးဆက် ဖတ်ရကြရန် အရေးကြီးပါသည်။ ဆွေစဉ်မျိုးဆက် မျက်နှာမငယ်ကြရန် အရေးကြီးပါသည်။

ဦးနေဝင်း၏ မိုက်မဲမှု၊ အပေါင်းအသင်းမှားမှု၊ အငြိုးအာဃာတကြီးမှု၊ အာဏာရမက်ကြီးမှု ဒဏ်များကို အိုကြီးအိုမမှာ ခံစားသွားရပါပြီ။ ယခုလည်း ဦးနေဝင်းကိုဆက်ခံသည့် မာရှယ်နှင့် ဗိုလ်ချုပ်ကြီးများ မိုက်တွင်းနက်နေဆဲပင် ဖြစ်ပါသည်။ စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးအတွက် လက်တွန့်နေကြဆဲပင် ဖြစ်ပါသည်။

မမှားသော ရှေ့နေ၊ မသေသော ဆေးသမား စကားပုံကဲ့သို့ လူဆိုသည်မှာ မှားတတ်ပါ သည်။ အမှားကို မြင်ဖို့ ပြင်ဖို့လည်း လိုပါသည်။ ပျက်အစဉ် ပြင်ခဏပါ။ ယနေ့ နဝတ/နအဖ စစ်ဗိုလ်ချုပ်ကြီးများအနေဖြင့် ပြုပြင်ပြောင်းလဲမည်ဆိုပါက ယခုအချိန်သည် အကောင်းဆုံး ဖြစ်ပါသည်။

တိုင်းပြည်အတွက် လက်တလော အရေးတကြီးအလိုအပ်ဆုံး အမျိုးသားပြန်လည် သင့်မြတ်ရေးဆီကို ဦးတည်ပြီး စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးကို အမြန်တကာ့ အမြန်ဆုံး အကောင်အထည် ဖော်သင့်ပါသည်။ ကိုယ့်သမိုင်းကို ကိုယ်အကောင်းဆုံး ရေးထိုးကြဖို့ အခွင့်အလမ်းဟာ လက်ရှိစစ်ခေါင်းဆောင်များနဲ့ ကျနော်တို့အားလုံး အသက်ရှင်တုန်း၊ ကျန်းမာတုန်း ပုဂ္ဂိုလ်တွေသာလျှင် ရရှိနိုင်တော့မည် ဖြစ်ပါကြောင်း။

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ (၁)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ် လုပ်တဲ့ "The New Rulers of the World"ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့အထဲကဖြစ်ပါတယ်။**

**စာရေးသူ**



ကမ္ဘာ့လွှမ်းခြုံရေး (Globalisation)၊ သူ့အကြောင်းကို ရုပ်မြင်သံကြားပေါ်မှာ မြင်ရ၊ သတင်းစာထဲမှာ ဖတ်ရပါတယ်။ ကျနော်တို့အားလုံးဟာ နိုင်ငံနယ်ခြား မျဉ်းတွေနဲ့ အမျိုးသား လက္ခဏာတွေ အရေးမပါတော့တဲ့ ရောမ ကမ္ဘာရွာကြီးရဲ့ အစိတ်အပိုင်းတွေ ဖြစ်နေပါပြီ။ ဒါဖြင့် ကမ္ဘာ့လွှမ်းခြုံမှုဆိုတာ ဘာလဲ။ ဒီကမ္ဘာရွာ ဆိုတာက ဘယ်မှာလဲ။

အနေအထား တချို့အရဆိုရင်တော့ ခင်ဗျားဟာ အဲဒီရွာမှာ နေနေပါပြီ။ ခင်ဗျားတို့အရပ်က ကုန်တိုက်ထဲက အဝတ်အစားတွေဟာ အာရှတိုက်ရှိ စက်ရုံတွေမှာ ချုပ်လိုက်တာ ဖြစ်ပါလိမ့်မယ်။ ခင်ဗျားတို့ အရပ်ရှိ စူပါမားကက်ထဲက အစားအသောက် အများစုဟာလဲ အာဖရိကတိုက်မှာ စိုက်ပျိုးတာ ဖြစ်ပါလိမ့်မယ်။ ပန်းတွေကတော့ လက်တင်အမေရိက တိုက်ကပေါ့လေ။ မာလီနိုင်ငံရဲ့ ဂီတနားထောင်ချင်သလား၊ ကိုလံဘီယာ နိုင်ငံကဝတ္ထုဖတ်ချင်သလား။ အီရန်ကရုပ်ရှင် ကြည့်ချင်သလား။ ဘယ်ခါကနဲ့မှ မတူအောင် လွယ်ကူနေပါပြီ။ ကမ္ဘာကြီးဟာ သေးကြုံ့လာနေတယ်။ ကမ္ဘာလွှမ်းခြုံရေးက ဒီလို သေးကြုံ့အောင် လုပ်နေတယ်။ ဒါပေမယ့် ဒါဟာ အနည်းစုလေးရဲ့ အကျိုးစီးပွားအတွက်ပါ။

လန်ဒန်မှာ ချမှတ်လိုက်တဲ့ ရင်းနှီးမြှုပ်နှံရေး ဆုံးဖြတ်ချက်တခုက အင်ဒိုနီးရှားမှာ လူထောင်နဲ့ချီပြီး အလုပ်ပြုတ်သွားစေနိုင်ပြီး တိုကျိုက စီးပွားရေး ဆုံးဖြတ်ချက်တခုဟာ အင်္ဂလန်နိုင်ငံ အရှေ့မြောက်ပိုင်းမှာ အလုပ်တွေ ထောင်နဲ့ချီပြီး ဖြစ်ပေါ်စေပါတယ်။ ကမ္ဘာရွာဆိုတာ အနှစ်သာရအားဖြင့် "ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး"ကို အထောက်အကူပြုစေတဲ့ စီးပွားရေး စီမံကိန်းတခုမျှသာ ဖြစ်ပါတယ်။ ဒါကလည်း ခေတ်ကာလနဲ့အညီ မွမ်းမံထားတဲ့ အရင်းရှင်စနစ်သာ ဖြစ်ပါတယ်။

စီးပွားရေးသမားတွေ အတွက်တော့ ကမ္ဘာလွှမ်းခြုံရေးဟာ အင်မတန်သဘာဝကျတဲ့ ဖြစ်ပေါ်တိုးတက်မှု တခုလိုပါပဲ။ အထူးသဖြင့်တော့ ဗြိတိန်လိုနိုင်ငံမှာ နေသူအတွက်ပေါ့။ ဒီနိုင်ငံက နိုင်ငံတကာသမိုင်းမှာ ကုန်သွယ်ရေး နိုင်ငံတခုအနေနဲ့ရော၊ နယ်ချဲ့နိုင်ငံတခုအနေနဲ့ပါ အစဉ်အလာရှိပြီးသားမဟုတ်လား။ ဒါပေမယ့် ကမ္ဘာလွှမ်းခြုံရေးရဲ့ အကျိုးဆက်တွေဟာ ဒီထက်ပိုကျယ်ပြန့်ပြီး အများအပြားဟာ အခုမှ ပုံပေါ်စ ပြုတုန်းပါ။ ကမ္ဘာ့နိုင်ငံတွေ ပိုမိုနီးစပ်လာကြတာဟာ ယဉ်ကျေးမှုနဲ့ စီးပွားရေး အပြန်အလှန် ဖလှယ်ရိုက်ဖို့ အခွင့်အလမ်းတွေ ပိုမိုဖြစ်ပေါ်စေတာ အမှန်ပါပဲ။ ဒါပေမယ့် ဒါဟာ တကယ့် နိုင်ငံတကာ လက္ခဏာဆောင်မှု ဖြစ်ပါတယ်။ ဒါကို ကမ္ဘာကြီး သေးကြုံ့သွားတာရဲ့ အနိဋ္ဌာရုံတွေ (ကမ္ဘာပူနွေးလာမှုအန္တရာယ်၊ အမျိုးသမီးများနဲ့ မိန်းကလေးများကို ကာမဈေးကွက် တင်ပို့ခြင်း၊ အာရှတိုက်နဲ့ အာဖရိကတိုက်မှာ ခုခံအား ကျဆင်းမှုရောဂါ ပျံ့ပွားခြင်း) ဖြစ်ပေါ်စေတဲ့ "ကမ္ဘာ့စီးပွားရေး" နဲ့ ရောပစ်လို့ မဖြစ်ပါဘူး။

**ဗညြ**

ကမ္ဘာပေါ်မှာ ကမ္ဘာလွှမ်းခြုံရေးရဲ့ ခြိမ်းခြောက်မှုကို အသိအမှတ်ပြုတဲ့လူတွေ များသထက် များလာနေကြပါတယ်။ ၁၉၉၉ ခုနှစ်က ဆီယယ်တယ်ယ်မှာ ကျင်းပတဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ ဝန်ကြီးအစည်းအဝေးကို ဆန္ဒပြကန့်ကွက်ကြတဲ့ ကမ္ဘာလွှမ်းခြုံရေး ဆန့်ကျင်သူများရဲ့ ဆန္ဒပြပွဲတွေကို တိုက်အသီးသီးက ရုပ်မြင်သံကြားတွေမှာ ပြသခဲ့ပါတယ်။ (G-8) ထိပ်သီး အစည်းအဝေးနဲ့ နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ် နှစ်ပတ်လည် အစည်းအဝေးမှာလည်း အလားတူ ဆန္ဒပြပွဲတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ဆန္ဒပြသူတွေဟာ မတူတဲ့ နိုင်ငံတွေက လာကြပြီး မတူတဲ့ နောက်ခံအကြောင်းတွေ ရှိကြပါတယ်။ သူတို့ကို တွဲနှောင်ထားတဲ့ ကြိုးရယ်လို့ တချောင်းတည်းသာ ရှိပါတယ်။ အဲဒါကတော့ ကမ္ဘာလွှမ်းခြုံရေးဟာ ကမ္ဘာ့ပြည်သူ အများစုကို အကျိုးပြုပြီး၊ အနည်းစုလေးကိုသာ အကျိုးပြုတာ မဖြစ်စေဖို့ ဆိုတာပါပဲ။

## ကမ္ဘာလွှမ်းခြုံရေးဆိုတာ ဘာလဲ?

ကမ္ဘာလွှမ်းခြုံရေးနဲ့ ပတ်သက်လို့ ငြင်းကြခုံကြရာမှာ အဓိကအားဖြင့် စီးပွားရေး အရ ကမ္ဘာကို လွှမ်းခြုံမှု၊ ခေတ်သစ် အရင်းရှင်စနစ်၊ ပြီးခဲ့တဲ့ နှစ်များအတွင်းက ကမ္ဘာလွှမ်းခြုံရေး ဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေရဲ့ တူညီတဲ့ အချက် စတာတွေ ပါဝင်ပါတယ်။ မတူတဲ့ လူတွေဟာ မတူတဲ့ လုပ်ငန်းတွေ လုပ်ကိုင်ခဲ့ကြတယ်။ နောက်ပြီး ကုန်သွယ်မှုဆိုတာ ပဝေသဏီကတည်းက ရှိခဲ့တယ်လို့ ဆိုပေမယ့် ဒီနေ့ ကမ္ဘာလွှမ်းခြုံရေးဟာ စိန်ခေါ်မှု အသစ်တွေ ဖော်ပြနေပါတယ်။ နည်းပညာအသစ်၊ အထူးသဖြင့် ဆက်သွယ်ရေးနည်းပညာရဲ့ တိုးတက်မှုအရ ဒီနေ့ ကမ္ဘာလွှမ်းခြုံရေးဟာ ဘယ်တုန်းကနဲ့မှမတူအောင် တာသွားပါတယ်။

## ကမ္ဘာ့ကုန်သွယ်ရေး

လွန်ခဲ့တဲ့ နှစ်အနည်းငယ် အတွင်းမှာ နိုင်ငံတကာ ကုန်သွယ်ရေး အကြီးအကျယ် တိုးပွားလာတာဟာ ကမ္ဘာလွှမ်းခြုံရေးရဲ့ အသိသာဆုံး လက္ခဏာတခု ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**




BiNA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း
P.O. Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com
www.binamojo.org

# ဒီမိုကရေစီအရေးတိုက်ပွဲဝင်သူ မြန်မာကျောင်းသားများ ဗြိတိန် နှင့် အမေရိကန်နိုင်ငံတို့တွင် ပညာသင်ကြားခွင့်ရရှိမည်

အနာဂတ်မြန်မာနိုင်ငံ ပြန်လည်တည်ဆောက်ရာတွင် တတပ်တအား ပြန်လည်ပံ့ပိုးမှုများ ပေးနိုင်ရန် ရည်ရွယ်၍ ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူ မြန်မာကျောင်းသားများအား ပညာသင်ဆု ချီးမြှင့်သည့်အစီအစဉ်အဖြစ် ဗြိတိန်နိုင်ငံရှိ (Institute of Education) ပညာရေးတက္ကသိုလ်တွင် နိုဝင်ဘာလ(၂၉)ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း (Free Burma Coalition) ခေါ် မြန်မာပြည်လွတ်မြောက်ရေးညွန့်ပေါင်းအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ထိုအစီအစဉ်အရ ဒီမိုကရေစီရေးလှုပ်ရှားသူများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ အခြားနိုင်ငံရေးလှုပ်ရှားသူ အဖွဲ့အစည်းများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များတွင် ပညာသင်ကြားခွင့် ရရှိကြမည်ဟု ဆိုသည်။

အဆိုပါတက္ကသိုလ်များ၌ မြန်မာကျောင်းသားများသည် ပြည်သူ့ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရပ်များနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်များကို သင်ကြားခွင့်ရရှိကြမည်ဖြစ်ပြီး၊ ICID (Burma)ခေါ် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့က စီမံဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုအစီအစဉ်သည် ANC ခေါ် အာဖရိကအမျိုးသားကွန်ဂရက်က ဆောင်ရွက်ခဲ့သည့် ပညာသင်ကြားရေးအစီအစဉ်နှင့် အလားတူကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြထားပြီး ၁၉၆၂ ခုနှစ်မှစ၍ မြန်မာပြည်ကို အုပ်ချုပ်လာခဲ့သည့် စစ်အုပ်စုကြောင့် မြန်မာ့ပညာရေးစနစ် ပျက်စီးသွားခဲ့ပုံကိုလည်း ဖော်ပြထားသည်။

မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းဆောင်ရွက်နေသူများအနေဖြင့် ပညာသင်ကြားရေးအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ် စုံစမ်းမေးမြန်းနိုင်ရန်အတွက် ICID နှင့် ဆက်သွယ်နိုင်ရန် လိပ်စာကို ဖော်ပြပေးလိုက်ပါသည်။

ICID-Burma
Institute for Community and Institutional Development (Burma)
P.O. Box - 9573 Berkeley, CA 94709 USA
Tel: +1 510 559 0002, Fax - +1 510 559 0003
E-mail: info@icid.net , website: www.icid.net

# အမေရိကန်နှင့် ပူးတွဲ၍ မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံ ဆုချီးမြှင့်ခြင်းခံရ

အမေရိကန်နှင့်ယှဉ်တွဲ၍ မြန်မာအပါအဝင် နိုင်ငံပေါင်း(၁၀)နိုင်ငံတို့သည် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် လေ့လာရေးအဖွဲ့တဖွဲ့၏ ပထမဆုံးအကြိမ် ချီးမြှင့်သောဆုကို ပူးတွဲလက်ခံရရှိကြောင်း သိရသည်။ အဆိုပါဆုမှာ ယနေ့ ကမ္ဘာတွင်ကြုံတွေ့နေရသည့် လူသားများစွာတို့၏ အိုးအိမ်နှင့် နေနိုင်ခွင့် ကြုံတွေ့နေရသော ပြဿနာကို အာရုံစိုက်လာစေရန် ရည်ရွယ်၍ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့အခြေစိုက် (COHRE) ခေါ် အိုးအိမ်ပိုင်ဆိုင်ခွင့်နှင့် နှင်ထုတ်မှု စောင့်ကြည့်လေ့လာရေးအဖွဲ့က ချီးမြှင့်သော အိုးအိမ်နှင့် နေပိုင်ခွင့်အချိုးဖောက်ဆုံး ကမ္ဘာ့နိုင်ငံများဆုဟု ဆိုသည်။

ခိုင်လုံသော အထောက်အထားများကို ကိုးကား၍ မြန်မာအပါအဝင် ကိုလံဘီယာ၊ ခရိုအေးရှား၊ ဂွာတီမာလာ၊ အိန္ဒိယ၊ အစ္စရေး၊ နိုက်ဂျီးရီးယား၊ ပါကစ္စတန်၊ အမေရိကန်နှင့် ဇင်ဘာဘွေနိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာ အိုးအိမ်နှင့် နေပိုင်ခွင့်ကို မကြာသေးမီနှစ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်ခဲ့သော နိုင်ငံများအဖြစ် ရွေးချယ်ခံခဲ့ရပြီး ဒီဇင်ဘာ(၁၀)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ယခုကဲ့သို့ ထုတ်ပြန်ကြေညာခဲ့ရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံကို ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ (COHRE)အဖွဲ့၏ အမှုဆောင် ညွှန်ကြားရေးမှူး မစ္စတာစကော့လပ်ကီက ပြောကြားရာတွင် အာရှပစိဖိတ်ဒေသအတွက် ပါကစ္စတန်နှင့် မြန်မာတို့ကို ရွေးချယ်ခဲ့ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံအပေါ် အာရုံစိုက်၍ လူနည်းစုတိုင်းရင်းသားများသာမက ရန်ကုန်မြို့တော်မှလူများကိုပါ နေအိမ်မှ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်းပြုခဲ့သည့် ဆိုးဝါးသော မှတ်တမ်းများကြောင့် ရွေးချယ်ခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကျေးလက် မြို့ရွာများရှိ လူပေါင်းတသန်းနီးပါးခန့် ပြောင်းရွှေ့ခံခဲ့ရသော မြန်မာနိုင်ငံတွင် အချို့မှာ ဇာတိဒေသနှင့် လယ်မြေများဆီသို့ ပြန်သွားခွင့်မရတော့ကြောင်း၊ ထိုကိစ္စအပေါ် မြန်မာအစိုးရအနေဖြင့် အနာဂတ်တွင် မပြုလုပ်နိုင်ရန် မိမိတို့အဖွဲ့က အာရုံစိုက် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အိုးအိမ်နေပိုင်ခွင့်အား ဟန့်တားပိတ်ပင်ခြင်းသည် ငွေကြေး မတတ်နိုင်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံရေးအရ ဆောင်ရွက်လိုစိတ်မရှိခြင်းကြောင့် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာပေါ်တွင် လူပေါင်း သန်းတထောင်ကျော်သည် သင့်တင့်လျောက်ပတ်သော နေအိမ်များနှင့် နေထိုင်ခွင့်မရဘဲ သန်းတရာကျော်တို့မှာ အိုးအိမ်မဲ့များဖြစ်သည်ဟု ဆိုသည်။

မကြာသေးမီကမှ လွတ်လပ်ရေးရရှိခဲ့သည့် အရှေ့တီမောနိုင်ငံသည် အိုးအိမ်နေပိုင်ခွင့်ကာကွယ်ရေးဆုကို ရရှိခဲ့သည်။

❖ ❖ ❖

● နောက်ကျောဖုံးမှ

အကများနှင့် တင်ဆက်ဖျော်ဖြေကပြပြီး ခြင်းလုံးအလှပြပွဲ၊ တေးဂီတဖျော်ဖြေပွဲတို့နှင့် တက်ရောက်လာသည့် ဧည့်ပရိသတ်များအား ဧည့်ခံခဲ့ကြသည်။

အခမ်းအနားသို့ ထိုင်းကုန်သည်ကြီးများ အသင်းနှင့် စစ်ဘက်နယ်ဘက်တို့မှ တာဝန်ရှိသူများ၊ မဲဆောက်ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာ့ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူများ၊ ထိုင်းပြည်သူများနှင့် ထိုင်းနိုင်ငံရောက် မြန်မာပြည်သားများ၊ မယ်တော်ဆေးခန်းအဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုများ၊ သင်တန်းဆရာ သင်တန်းသားများ စုစုပေါင်း ဧည့်ပရိသတ်(၂၀၀၀)ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါဆုကို ၁၉၅၉ ခုနှစ်က မြန်မာနိုင်ငံမှ The Nation သတင်းစာပိုင်ရှင် ဦးလောရဲက သတင်းစာ၊ စာပေနှင့် ဆက်သွယ်ရေးပညာ ဖန်တီးမှုအတွက်ရရှိခဲ့ပြီး ထိုနှစ်မှာပင် အရှေ့တိုင်းပညာရှင် ပါမောက္ခ ဦးဖေမောင်တင်၏ ညီမဖြစ်သူ ဒေါ်တီတီလွင်ကလည်း လူမှုဝန်ထမ်းကောင်းဆု ရရှိခဲ့ဖူးသည်။

❖ ❖ ❖

# မူးယစ်ဆေးဝါး နှိမ်နင်းရေး (၄)နှစ်စီမံကိန်း ထိုင်းတွင် ပြုလုပ်မည်

ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ထိုင်းဘုရင်မင်းမြတ်က ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စူလာကီရတ်ချူလာနတ်ကို နိုဝင်ဘာ လဆန်းပိုင်းက ဘုရင့်မွေးနေ့ကျင်းပရာ ရှင်ရယ်ပလာဇာတွင် မှာကြားပြောဆိုခဲ့ကြောင်း သိရသည်။

ဘုရင်မင်းမြတ်က ထိုသို့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရာတွင် ထိုင်းစစ်တပ်နှင့်အတူ အခြားအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ရန် မှာကြားခဲ့ပြီး ကြည်းတပ်ဦးစီးချုပ် စွန်တတ်အတာနက်ကိုလည်း ပါဝင်ကူညီရန် တိုက်တွန်းပြောဆိုခဲ့သည်ဟု ဆိုသည်။

ထိုသို့ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရာတွင် လာမည့် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ (၄) နှစ်တာ စီမံကိန်းချ ပြုလုပ်သွားမည်ဖြစ်ပြီး အဓိကအားဖြင့် နယ်စပ်ဒေသကို ဦးတည်ကြောင်း မစ္စတာစူလာကီရတ်က ဆိုသည်။

ထိုင်းနိုင်ငံသည် မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးရာတွင် နယ်စပ်ဒေသများတွင်ရှိသော မြန်မာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့အပေါ်တွင်လည်း သံသယများ ဖြစ်ပေါ်နေကြောင်း ဒီဇင်ဘာလ (၃)ရက်နေ့တွင် ထုတ်ဝေသည့် ဘန်ကောက်ပို့စ် သတင်းစာတွင် ရေးသားဖော်ပြထားသည်။

❖ ❖ ❖

# တရားမဝင်အလုပ်သမားများ ပြန်လည်ပို့ဆောင်ရေးကိစ္စ မြန်မာအစိုးရပျက်ကွက်နေကြောင်း ထိုင်းမှ ပြစ်တင်ပြောကြား

ထိုင်းနိုင်ငံတွင် တရားမဝင် ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ နေရပ်ပြန်လည်ပို့ပေးရေးကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံသဘောတူထားပြီး ဖြစ်သော်လည်း မြန်မာစစ်အစိုးရသည် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ပျက်ကွက်နေကြောင်း ထိုင်းအစိုးရ တာဝန်ရှိသူတဦး၏ ထုတ်ဖော်ပြောဆိုချက်ကို ကိုးကား၍ အေအက်ဖ်ပီသတင်းတွင် ဒီဇင်ဘာ (၅)ရက်နေ့က ဖော်ပြခဲ့သည်။

ထိုင်းအစိုးရက ဖမ်းဆီးပြန်ပို့နေခဲ့သည့် တရားမဝင် မြန်မာအလုပ်သမားကို လက်ခံရန် မြန်မာအာဏာပိုင်များနှင့် သဘောတူညီထားပြီးဖြစ်သော်လည်း အဆိုပါသဘောတူညီချက်ကို အပြည့်အဝအကောင်အထည်ဖော်ရန် ထိုင်းနိုင်ငံဘက်မှ ထပ်ခါတလဲလဲ တောင်းဆိုနေခဲ့သည့်ကြားမှ မြန်မာတို့က တုံ့ပြန်ခဲ့ခြင်းမရှိကြောင်း ထိုင်း ဒုဝန်ကြီးချုပ် ခွန်ချဲဗာရန်စီက ဝေဖန်ပြောကြားခဲ့သည်ဟု ဆိုသည်။

ပြီးခဲ့သော ဧပြီလက ရရှိခဲ့သည့် နှစ်နိုင်ငံသဘောတူညီချက်အရ ထိုင်းနိုင်ငံဘက်က ပြန်ပို့သည့် မြန်မာအလုပ်သမားများအား ထိုင်း–မြန်မာနယ်စပ် မြဝတီမြို့တွင် အလုပ်သမားလက်ခံရေးစခန်းတခု ဖွင့်လှစ်ပြီး မြန်မာတို့က လက်ခံခဲ့သော်လည်း ထိုင်းအစိုးရက မြန်မာနိုင်ငံတောင်ပိုင်း ကော့သောင်းမြို့နှင့် ဘုရားသုံးဆူမြို့တို့တွင် နောက်ထပ် အလုပ်သမားလက်ခံရေးစခန်း (၂)ခု ထပ်မံဖွင့်ပေးရန် တောင်းဆိုခဲ့ရာ မြန်မာတို့က တုံ့ပြန်မှု မပြုခဲ့ဟု ဆိုသည်။

ထိုတရားမဝင် မြန်မာအလုပ်သမားများအရေးသည် ထိုင်း–မြန်မာ နှစ်နိုင်ငံကြား မကြာခဏ ဖြစ်ပွားခဲ့ရသည့် ပြဿနာများအနက် တခုအပါအဝင်ဖြစ်ရာ ထိုင်းနိုင်ငံက မြန်မာအလုပ်သမားများ တရားဝင် အလုပ်လုပ်နိုင်ရန် တနှစ်တကြိမ် တရားဝင် မှတ်ပုံတင်ခိုင်းခဲ့သည်။ ထို့သို့ ဆောင်ရွက်ပေးမှုကြောင့် ထိုင်းနိုင်ငံတွင် မနှစ်က မြန်မာအလုပ်သမား (၅)သိန်း မှတ်ပုံတင်ခဲ့ကြသော်လည်း ယခုနှစ်တွင် (၂)သိန်းသာ လာရောက် မှတ်ပုံတင်ခဲ့ကြသည့်အတွက် ထိုင်းအစိုးရအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေခဲ့ရကြောင်း ထိုင်းဒုဝန်ကြီးချုပ်၏အဆိုကို ကိုးကား၍ အေအက်ဖ်ပီ သတင်းတွင် ဖော်ပြပါရှိခဲ့သည်။

❖ ❖ ❖

# အန္တရာယ်ရှိသောဒေသများသို့ ထိုင်းအလုပ်သမားများ မပို့ရန် ညွှန်ကြားချက်ထုတ်ပြန်

အစ္စရေးနိုင်ငံအတွင်း အန္တရာယ်ရှိသော ဒေသများသို့ ထိုင်းအလုပ်သမားများ စေလွှတ်ခြင်းမပြုရန် ထိုင်းအစိုးရက အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများသို့ ညွှန်ကြားထားကြောင်း ဒီဇင်ဘာလ(၂)ရက်နေ့ထုတ် နေးရှင်းသတင်းစာတွင် ဖော်ပြပါရှိသည်။

နိုဝင်ဘာလ(၂၉)ရက်နေ့က ထိုင်းလူမျိုး အလုပ်သမား(၂)ဦးအား ပါလက်စတိုင်း အစွန်းရောက်သေနတ်သမားတဦးက ဂါဇာကမ်းမြောင်ရှိဒေသတခုတွင် သေနတ်နှင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အဆိုပါ ညွှန်ကြားချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသွားသူ ထိုင်းလူမျိုး(၂)ဦး၏ စားဝတ်နေရေးကို တာဝန်ယူပို့ဆောင်ခဲ့သည့် စူပါဂျော့ကုမ္ပဏီမှ စောင့်ရှောက်ပေးရန်လည်း အမိန့်ပေးထားကြောင်း အလုပ်အကိုင်ရှာဖွေရေး အလုပ်သမားဌာနခွဲမှ တာဝန်ရှိသူတဦးက ပြောကြားသည်။

ထိုင်းအလုပ်သမား (၂၀၀)ကျော်သည် အစ္စရေးနိုင်ငံ ဂါဇာကမ်းမြောင်ဒေသတွင် အလုပ်လုပ်ကိုင်နေကြဆဲဖြစ်ပြီး ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ ထိုင်းအလုပ်သမားများအား ဂါဇာဘက်သို့ ထပ်မံပို့ပေးနေမှုကို ရပ်စဲစေမည့်အပြင် ကျူးလွန်ဖောက်ဖျက်သည့် အလုပ်အကိုင်ရှာဖွေပေးရေးအေဂျင်စီများအား အရေးယူသွားမည်ဖြစ်သည်။

ထိုင်းအလုပ်သမားဝန်ကြီးဌာနအနေနှင့် အစ္စရေးနိုင်ငံနေရာဒေသအနှံ့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော ထိုင်းအလုပ်သမားများ၏ အခြေအနေနှင့်ပတ်သက်၍ အသေးစိတ်စာရင်း ပြုစုသွားမည်ဖြစ်ကြောင်း သိရှိရပြီး အတည်မပြုနိုင်သည့် မှတ်တမ်းများအရ ထိုင်းအလုပ်သမား(၂၅,၀၀၀)ကျော် အစ္စရေးနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည်ဟု ဆိုသည်။

❖ ❖ ❖

# ဘီဘီစီ သတင်းဌာန၏ အနှစ်(၇၀)ပြည့် မွေးနေ့အခမ်းအနားတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်သွယ်မေးမြန်းချက်များ

ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျရောက်သည့် ဘီဘီစီသတင်းဌာန၏ အနှစ်(၇၀)ပြည့် မွေးနေ့အခမ်းအနားတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘီဘီစီသတင်းဌာန၏ ညွှန်ကြားရေးမှူး မစ္စတာလိစ်ဒိုးဆက် (Mr. Lyse Doucet) အပါအဝင် အခြားပုဂ္ဂိုလ်တို့နှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းချက်ကို ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။



**အရေးကြီးတာက မျှော်လင့်ချက်တွေအပေါ်မှာ အာရုံစူးစိုက်မထားဘဲ ကျမတို့ လုပ်နိုင်တာတွေ အပေါ်မှာ အာရုံစူးစိုက်ထားဖို့ပါပဲ။**

**တင်ထွန်း (ကာလီဖိုးနီးယား)**

ပထမဆုံးအနေနဲ့ ဒီမှာရှိတဲ့ ဗမာအသိုင်းအဝိုင်းကိုယ်စား ဒေါ်အောင်ဆန်းစုကြည် သက်တော်ရာကျော်ရှည်စေကြောင်းနှင့် ဗမာပြည်သူတွေအတွက် စွန့်လွှတ်ပြီး ဆက်လက်တိုက်ပွဲဝင်နေတဲ့အတွက် ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ကျနော်မေးချင်တာကတော့ နိုင်ငံခြားမှာရောက်နေတဲ့ ပြန်ခွင့်မရသူများအနေနဲ့ ဘယ်လောက်များ ကြာကြာဆက်နေရပါမလဲ ခင်ဗျား။

**ဒေါ်အောင်ဆန်းစုကြည်**

ပထမဦးဆုံးအနေနဲ့ ရှင်တို့အားလုံးရဲ့ ထောက်ခံမှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ကျမတို့အနေနဲ့ ပြည်ပမှာ ရောက်နေသူများကို လိုအပ်တာထက် တရက်ပိုပြီး ကြာအောင် မနေစေလိုပါဘူး။ ဒါပေမယ့် ကျမတို့အနေနဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဘယ်အချိန်မှာ ရောက်မလဲဆိုတာကိုတော့ နိုင်ငံရေးမှာ အတိအကျ မပြောနိုင်ဘူးဆိုတာကိုတော့ ရှင်တို့ နားလည်ရမယ်လို့ ကျမထင်ပါတယ်။ အရေးကြီးတာကတော့ ကျမတို့အနေနဲ့ ဘယ်လောက်ပဲကြာကြာ၊ ဘယ်လောက်ပဲခက်ခဲတဲ့လမ်းဖြစ်ပါစေ မယိမ်းမယိုင်နဲ့ ကြိုးပမ်းအားထုတ်ကြရမှာ ဖြစ်ပါတယ်။ ကျမတို့အနေနဲ့ လမ်းအားလုံးကို သွားဖို့ ပြင်ဆင်ထားရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ လုပ်နေတာတွေဟာ ကျမတို့အတွက်သာ မကဘူး၊ အနာဂတ် ဗမာပြည်မျိုးဆက်သစ်တွေအတွက်လည်း ဖြစ်လို့ပါပဲ။

**တင်ထွန်း (ကာလီဖိုးနီးယား)**

လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်ရဲ့ ဗမာပြည်ဆိုင်ရာ အထူးသံဖြစ်တဲ့ မစ္စတာရာဇာလီ ဗမာပြည်ကို အလည်ရောက်ရှိခဲ့တယ်။ ကျနော်တို့အနေနဲ့ တခုခုတော့ ပြောင်းလဲလာလိမ့်မယ်၊ သတင်းကောင်းတွေ ဆက်ပြီးကြားရလိမ့်မယ်လို့ အမြဲတမ်း မျှော်လင့်ခဲ့မိတယ်။ ဒါပေမယ့် ဘာမှ ဖြစ်မလာခဲ့ဘူး။ မျှော်လင့်ချက်သာ ဖြစ်ခဲ့တယ်။

**ဒေါ်အောင်ဆန်းစုကြည်**

မျှော်လင့်ချက်နဲ့ ပတ်သက်ပြီးတော့ အမြဲတမ်း ပြောနေသင့်တယ်လို့ ကျမမထင်ဘူး။ အလုပ်နဲ့ ပတ်သက်ပြီးသာ အမြဲတမ်း ပြောဆိုနေသင့်ပါတယ်။ တခုခုကို ရည်ရွယ်ပြီး အလုပ်လုပ်မနေဘူးဆိုရင် မျှော်လင့်ချက်ဆိုတာကို ပြောသင့်တယ်လို့ ကျမတော့ မယုံကြည်ဘူး။ ကျမတို့အနေနဲ့ ရုန်းကန်တိုက်ပွဲဝင်နေတယ်ဆိုရင်တော့ မျှော်လင့်ဖို့ အခွင့်အရေးရှိပါတယ်။ အရေးကြီးတာက မျှော်လင့်ချက်တွေအပေါ်မှာ အာရုံစူးစိုက်မထားဘဲ ကျမတို့ လုပ်နိုင်တာတွေ အပေါ်မှာ အာရုံစူးစိုက်ထားဖို့ပါပဲ။ ကျမတို့ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နိုင်တာ မှန်သမျှကို လုပ်မယ်ဆိုရင်တော့ ကျမတို့အနေနဲ့ မျှော်လင့်ချက်တွေကို အချိန်မီတွေ့မြင်ရပါလိမ့်မယ်။

**စည်သူ (စကော့ပူ)**

ပိတ်ဆို့အရေးယူမှု (Sanctions)တွေက ပြည်သူတွေနဲ့ နောက်ပြီး တိုင်းပြည်အပေါ်မှာ ဘယ်လို သက်ရောက်မှုရှိတယ်လို့ မြင်ပါသလဲ ခင်ဗျား။ ဒီမိုကရေစီရေးတိုက်ပွဲမှာ ပြည်သူတွေရဲ့ အတိဒုက္ခတွေကို မေ့လျော့လိုက်ပြီလို့ ထင်ပါသလား။

**ဒေါ်အောင်ဆန်းစုကြည်**

ရှင်တို့အနေနဲ့ ပိတ်ဆို့အရေးယူမှုနဲ့ ပတ်သက်ပြီး ပြောတဲ့အခါမှာ ဒီပိတ်ဆို့အရေးယူမှုဟာ အလွန်အကန့်အသတ်ရှိတယ်ဆိုတဲ့ အချက်ကို သတိပြုရပါမယ်။ ဒါတွေကို အမေရိကန်အစိုးရက သတ်မှတ်ပြဋ္ဌာန်းတာ ဖြစ်ပါတယ်။ နောင် ရင်းနှီးမြှုပ်နှံမယ့်အရာတွေနဲ့သာ ဆိုင်ပါတယ်။ ပိတ်ဆို့အရေးယူမှုတွေ မပြဋ္ဌာန်းခင်က ဗမာပြည်ထဲမှာ ရှိနေပြီးတဲ့ အမေရိကန် စီးပွားရေးလုပ်ငန်းတွေဟာ ဆက်လက်လုပ်ကိုင်နေပါတယ်။ ဒါကြောင့် နယ်ပယ်အတိုင်းအတာအရ ကြည့်မယ်ဆိုရင် အလွန်ကို အကန့်အသတ်ရှိပါတယ်။ ဒါကြောင့် ဒါနဲ့ပတ်သက်ပြီး ထိခိုက်ခံစားရတဲ့ ဗမာပြည်သူပြည်သားတွေက မဆိုစလောက် အနည်းငယ်ပါပဲ။ ဗမာပြည်မှာ ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး မရှိရတဲ့အကြောင်းရင်းကတော့ နိုင်ငံရေးရာသီဥတု မသာယာလို့ပါပဲ။

**စည်သူ (စကော့ပူ)**

အခု စစ်အစိုးရက ဝန်ခံလိုက်ပြီ။ ဒီအချိန်မှာ ပိတ်ဆို့အရေးယူမှုတွေ မြှင့်ဖို့ အချိန်ကျပြီလို့ ထင်ပါသလားခင်ဗျား။

**ဒေါ်အောင်ဆန်းစုကြည်**

ဘယ်အချိန်မှာ ပိတ်ဆို့အရေးယူမှုတွေ မြှင့်ရမလဲဆိုတာကို ဆုံးဖြတ်ဖို့ကတော့ အမေရိကန်ပြည်သူတွေနဲ့ပဲ သက်ဆိုင်မယ်လို့ ထင်ပါတယ်။ ဗမာပြည်အပေါ် ပိတ်ဆို့အရေးယူမှုတွေ ပြဋ္ဌာန်းတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မဟုတ်ဘူး၊ အမေရိကန် အစိုးရဖြစ်တယ်ဆိုတာ မမေ့ပါနဲ့။

**လိစ်ဒိုးဆက် (ဘီဘီစီ)**

ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည် ခင်ဗျား၊ ပိတ်ဆို့အရေးယူမှုတွေ ပိုပြီး ပြင်းပြင်းထန်ထန် လုပ်သင့်တယ်လို့ ယုံကြည်ပါသလား။ အီးမေးလ်သတင်း အများအပြားက ဒါနဲ့ပတ်သက်ပြီး မေးနေပါတယ်။ ထိုင်ဝမ်က စတိ (Steed)ဆီက ကြားရတယ်။ သူပြောတာက ဗမာလူထုရဲ့ ဘဝတွေ တိုးတက်မြင့်မားအောင် ကူညီဖို့ မြန်မာပြည်အပေါ် ပိုမိုပြင်းထန်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို အနောက်တိုင်းနိုင်ငံတွေအနေနဲ့ လုပ်ရမယ်လို့ ထင်ပါသလားတဲ့။ ဒါတွေဟာ အလွန့်ကို အကန့်အသတ်ရှိတယ်လို့ ခင်ဗျားက ဖော်ပြခဲ့တယ်။ ပိတ်ဆို့အရေးယူမှုတွေကို တိုးချဲ့သင့်ပါသလား။

**ဒေါ်အောင်ဆန်းစုကြည်**

နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးတဲ့ အချိန်ကာလ မရောက်မချင်း ပိတ်ဆို့အရေးယူမှုနဲ့ ပတ်သက်တဲ့ ကျမတို့ရဲ့ မူဝါဒ သဘောထားတွေဟာ ပြောင်းလဲလိမ့်မှာ မဟုတ်ဘူးဆိုတာကို တရားဝင်ပြောခဲ့ပြီးပါပြီ။ ဒါကြောင့် ကျမတို့ရဲ့ မူဝါဒ သဘောထားတွေဟာ ဒီအတိုင်းပဲ ဆက်လက်ရှိနေဆဲပါ။ ပိတ်ဆို့အရေးယူမှုတွေ လုပ်တဲ့အခါမှာ ဒါတွေကို ကျမတို့ ထောက်ခံခဲ့တယ်။ နောက်ထပ် ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ဖို့ ကျမတို့အနေနဲ့ မတောင်းဆိုခဲ့ပေမယ့် ကျမတို့ရဲ့ ထောက်ခံမှုကို ပြန်လည်ရုပ်သိမ်းဖို့ကိုလဲ မတောင်းဆိုခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယခုထိ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုတွေ မရှိသေးလို့ပါဘဲ။

**လိစ်ဒိုးဆက် (ဘီဘီစီ)**

ဒါပေမယ့် အဲဒီပိတ်ဆို့အရေးယူမှုတွေကို ပိုပြီး ကြမ်းသင့်တယ်လို့ ထင်ပါသလား။ နောက်ပြီး ဒါတွေက ပိုမိုကြီးမားတဲ့ ပြောင်းလဲမှုကို ဖြစ်စေမယ်လို့ ထင်ပါသလား။

**ဒေါ်အောင်ဆန်းစုကြည်**

ပိတ်ဆို့အရေးယူမှုတွေလောက်နဲ့တော့ အပြောင်းအလဲတွေ ဖြစ်လိမ့်မယ်လို့ ကျမ မထင်ပါဘူး။ ဗမာပြည် ပြည်သူလူထုကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုတွေအပါအဝင် ပြောင်းလဲမှုကိုဖြစ်စေမယ့်အရာတွေ အများကြီးရှိပါတယ်။

## ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးက ကမ္ဘာတဝှမ်းလုံးသို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ သဝဏ်လွှာပေးပို့



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအာနန်

ဒီဇင်ဘာလ(၁၀)ရက်နေ့တွင် ကျရောက်သည့် (၅၄)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကမ္ဘာတဝှမ်းလုံးရှိ တိုင်းနိုင်ငံအသီးသီးသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်က သဝဏ်လွှာတစောင် ပို့ပေးခဲ့သည်။

မစ္စတာကိုဖီအာနန်က အဆိုပါသဝဏ်လွှာသည် ဆင်းရဲနွမ်းပါးမှုနှင့် အဖိနှိပ်ခံဘဝများ၌ နေထိုင်ရဆဲ ပြည်သူများရှိရာ လူ့ဘောင်အဖွဲ့အစည်းများအား မျှော်လင့်ချက်ရှိလာစေနိုင်ကြောင်း ဖော်ပြထားပြီး ''ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့တွင် ကမ္ဘာပြည်သူအားလုံးကို ကျွန်ုပ်အနေဖြင့် နှုတ်ခွန်းဆက်သလိုက်ပါကြောင်း'' ပဋိသန္ဓာရပြုထားသည်။

ထိုသဝဏ်လွှာတွင် ကုလသမဂ္ဂအဖွဲ့ကြီးအနေနှင့် လူ့အခွင့်အရေးကြေညာစာတမ်းအား လက်ခံအတည်ပြုခဲ့ကြသည်မှာ (၅၄)နှစ်တာမျှကြာမြင့်လာခဲ့ပြီဖြစ်ရာ တိုင်းနိုင်ငံအများအပြားတို့တွင် ၎င်းတို့၏ပြည်သူများအတွက် လူ့အခွင့်အရေးများ အမှန်တကယ်ရရှိခံစားဖြစ်ပေါ်လာရန် လုပ်ဆောင်ခဲ့ကြ၍ တိုးတက်မှုများရှိလာကြောင်း၊ သို့ရာတွင် (၂၁)ရာစုသို့ ချဉ်းနင်းဝင်ရောက်လာသည်အထိ ထိုအခွင့်အရေးများကို တကမ္ဘာလုံးက လေးစားလိုက်နာကြခြင်း မရှိသေးကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံနယ်နိမိတ်များကို ချိုးဖျက်၍ တကမ္ဘာလုံးအသွင်ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ဘဝလုံခြုံရေးကို လွတ်လပ်ရေးဆုံးရှုံးအောင်လုပ်၍ မရယူစကောင်းသကဲ့သို့ လွတ်လပ်ခြင်းမရှိသူများအတွက် အမှန်တကယ် လုံခြုံမှုလည်း မရရှိနိုင်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အကြမ်းဖက်မှုအန္တရာယ်ကို ရင်ဆိုင်ဆန့်ကျင်ခြင်းနှင့်ပတ်သက်၍ ဖော်ပြခဲ့ရာ၌ အကြမ်းဖက်စနစ်ကို ဆန့်ကျင်ရင်ဆိုင်ရမည်မှာ အမှန်တရားတရပ်ဖြစ်သော်လည်း ထိုသို့လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် လိုအပ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

ထို့နောက် ဆက်၍ ဘယ်လိုဆုံးဖြတ်ချက်မျိုးဖြစ်စေ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ မူဘောင်အတွင်း ပူးတွဲချမှတ်ပါက တကမ္ဘာလုံးအနေဖြင့် တရားဝင် လွယ်လင့်တကူ လက်ခံကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့အားလုံး ဘယ်တုန်းကနှင့်မှ မတူအောင် ပူးပေါင်းဆောင်ရွက်သွားကြဖို့ အဆိုပါသဝဏ်လွှာ၌ တိုက်တွန်းရေးသားထားသည်။

❖ ❖ ❖

# ကမ္ဘာတဝှမ်း အမေရိကန်ဆန့်ကျင်စိတ်များ ပိုမိုတိုးမြင့်လာနေ

ဒီဇင်ဘာ(၅)၊ ဘီဘီစီ

ကမ္ဘာတဝှမ်း လူထုသဘောထား ကောက်ခံမှုတရပ်ကို အမေရိကန်အခြေစိုက် သုတေသနဌာနတခုက နိုင်ငံပေါင်း (၄၄) နိုင်ငံတို့မှ လူပေါင်း သုံးသောင်းရှစ်ထောင် (၃၈၀၀၀)တို့နှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ရာ အမေရိကန်နိုင်ငံအပေါ် ဆန့်ကျင်စိတ်များ တိုးမြင့်လာနေကြောင်း တွေ့ရသည်။

အဆိုပါ သုတေသန လေ့လာဆန်းစစ်မှု စစ်တမ်းအရ နိုင်ငံရပ်ခြားတွင် အမေရိကန်ပြည်ထောင်စုအပေါ် ယခင်ကထက်ပို၍ လူကြိုက်နည်းလာကြောင်း၊ အထူးသဖြင့် ထိုထင်မြင်ယူဆချက်များသည် အစ္စလာမ် အသိုင်းအဝိုင်းတွင် အများဆုံးဖြစ်ကြောင်းသိရပြီး၊ အီဂျစ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် အပြင်းထန်ဆုံး ဆန့်ကျင်သူတချို့ မကျေနပ်မှုများ ကြီးထွားလာနေကြောင်း သိရသည်။

ထိုစစ်တမ်းက ဆက်လက်ဖော်ပြထားရာတွင် လူအများအပြားမှာ ကွဲလွဲသော သဘောထားအမြင်များ ရှိကြကြောင်း၊ နိုင်ငံအများစုအနေဖြင့် အမေရိကန်တို့၏ ဓလေ့ထုံးစံနှင့် အတွေးအခေါ်တို့ကို ဆန့်ကျင်ကြသော်လည်း အမေရိကန်တို့၏ ရုပ်မြင်သံကြားအစီအစဉ်၊ တေးဂီတနှင့် ရုပ်ရှင်ဇာတ်လမ်းများကိုမူ နှစ်သက်ကြသည်ဟုဆိုသည်။ အချို့ လူတော်တော်များများကလည်း အမေရိကန်၏ သိပ္ပံနှင့် နည်းပညာ ပျံ့နှံ့လာမှုအပေါ် အကျိုးရှိသည်ဟု ထင်မြင်ယူဆကြကြောင်း သိရပြီး၊ နောက်ထပ်ကောက်ယူသည့် အသေးစား စစ်တမ်းတစောင်တွင်မူ အီရတ်တို့၏ ခြိမ်းခြောက်မှုနှင့် ပတ်သက်၍ ပြင်သစ်၊ ရုရှားနှင့် ဂျာမဏီနိုင်ငံတို့က ဆဒမ်ဟူစိန်ကို ရာထူးမှဖြုတ်ချရန် စစ်တိုက်မည့် အမေရိကန်တို့၏ အစီအစဉ်ကို ဆန့်ကျင်ကြသည်ဟုဆိုသည်။ ဗြိတိသျှလူမျိုးတို့၏ သဘောထားတွင် အညီအမျှ နှစ်ခြမ်းကွဲနေကြောင်းသိရပြီး အမေရိကန်လူထုက အီရတ်အပေါ် စစ်တိုက်ရန် လိုလားကြသည်ဟုဆိုသည်။

စစ်တမ်းတွင်ပါဝင်သည့် မေးခွန်းတခုတွင် အမေရိကန်တို့၏ နိုင်ငံခြားရေးမူဝါဒသည် အခြားနိုင်ငံများအပေါ် ထည့်သွင်းစဉ်းစားပါသလားဟုဆိုထားရာ အဆိုပါမေးခွန်းနှင့် ပတ်သက်၍ အမေရိကန် (၇၅) ရာခိုင်နှုန်းကသူတို့၏ မူဝါဒသည် တခြားနိုင်ငံများအတွက် ထည့်သွင်းစဉ်းစားပါကြောင်း ယူဆကြသော်လည်း ကနေဒါနိုင်ငံသား (၇၃) ရာခိုင်နှုန်းတို့က ထိုသို့မယူဆကြကြောင်း အဆိုပါသုသေတနစစ်တမ်းက ဖော်ပြထားကြောင်း သိရသည်။❖

# မြောက်ကိုရီးယားက လက်နက်စစ်ဆေးရေးမှူးများ လာရောက်ရေး ပယ်ချ

ဒီဇင်ဘာ(၄)၊ ဘီဘီစီ

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် အစီအစဉ်ရှိနေသည်ဟူသော စွပ်စွဲမှုများနှင့် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများ ကြည့်ရှုခွင့်ပြုရန် တောင်းဆိုနေမှုများကို မြောက်ကိုရီးယားအစိုးရက ပယ်ချလိုက်ပြီး IAEA သည် အမေရိကန်တို့၏ ဖိအားပေးမှုနှင့် စစ်ဆေးရေးလုပ်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြန်လည်တုံ့ပြန် စွပ်စွဲလိုက်သည်။

မကြာသေးမီက အမေရိကန်အစိုးရကို မိမိတို့အနေဖြင့် နျူကလီးယားလက်နက်များ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း မြောက်ကိုရီးယားတို့က ထုတ်ဖော်ပြောကြားခဲ့ရာ ထိုသို့ ပြောကြားခဲ့ခြင်းနှင့် ပတ်သက်၍ IAEA ခေါ် အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းရည်အေဂျင်စီက စိုးရိမ်ပူပင်မှုများရှိခဲ့ပြီး ယခုကဲ့သို့ မြောက်ကိုးရီးယားနိုင်ငံသို့ လက်နက်စစ်ဆေးရေးမှူးများ စေလွှတ်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားတို့က မိမိတို့နိုင်ငံအတွင်း နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ခြင်းရှိ၊ မရှိဆိုသည့် အရေးနှင့်ပတ်သက်၍ IAEA ၏ လာရောက်စစ်ဆေးမှုကို လက်ခံမည်မဟုတ်ကြောင်း ပယ်ချခဲ့ပြီး အထက်ပါအတိုင်း တုံ့ပြန်စွပ်စွဲခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပယ်ချခဲ့ခြင်းနှင့် ပတ်သက်၍ ဗီယက်နမ်အခြေစိုက် IAEA အဖွဲ့ ပြောခွင့်ရအမျိုးသမီး မက်လက်ဇာဖလီးမင်းက IAEA အဖွဲ့ဝင်နိုင်ငံပေါင်း (၃၅)နိုင်ငံမှ အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်များ၏ တညီတညွတ်တည်း ဆုံးဖြတ်မှုအရ မြောက်ကိုရီးယားတို့၏ ယခုလို ပယ်ချချက်သည် ကိုရီးယားကျွန်းဆွယ် တခုလုံးကို ရန်ပြုလိုသည့် သဘောထားရှိနေကြောင်းကို ဖော်ပြရာရောက်ကြောင်း၊ IAEA အဖွဲ့၏ ကမ်းလှမ်းချက်ကို လက်ခံခဲ့ပါက နျူကလီးယားလက်နက်များ လျှော့ချရေး အစီအစဉ်တွင်လည်း သဘောတူ လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း ထိုအခါ IAEA အနေဖြင့် မြောက်ကိုရီးယားတို့အပေါ် နောက်ထပ် တွန်းအားပေးစရာ လိုအပ်တော့မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက ရှုမြင်ရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေနှင့် မြောက်ကိုရီးယားတို့၏ နျူကလီးယားလက်နက်များ စွန့်ပစ်ရေး အစီအစဉ်ကို ဆက်လက်ဖိအားပေးရန် လိုအပ်မည်ဖြစ်သကဲ့သို့ တဖက်တွင်လည်း ၎င်းတို့နှင့် ဆက်သွယ်ရေးလမ်းကြောင်း အမြဲတမ်းပွင့်နေရန် အရေးတကြီး လိုအပ်ကြောင်း ပြောဆိုခဲ့သည်။

ထို့ပြင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့မြောက် အာရှရေးရာဝန်ကြီး ဂယ်လ်ရမ်းဘဲလ်က ပြောကြားခဲ့ရာတွင် မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံတကာနှင့် အငြင်းပွားရန် သန္နိဋ္ဌာန်ချထားခြင်း မရှိသော်လည်း ညူးကလီးယားလက်နက် ပိုင်ဆိုင်မှုကို စီးပွားရေးအတွက် အသုံးချလိုပုံရကြောင်း ကောက်ချက်ချခဲ့ပြီး မြောက်ကိုရီးယားတို့သည် ကြိုတင်ခန့်မှန်းရခက်သည့်အတွက် အန္တရာယ်ပေးနိုင်ကြောင်းလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။

❖ ❖ ❖

# ရှမ်းပြည်တပ်မတော်ကို ထိုင်းနိုင်ငံက ကူညီပံ့ပိုးနေကြောင်း နအဖ က စွပ်စွဲ

ဒီဇင်ဘာ (၁၃)၊ ဘန်ကောက်ပို့စ်

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ကျင်းပနေသည့် ထိုင်း–မြန်မာနှစ်နိုင်ငံ နယ်ခြားကော်မတီဆွေးနွေးပွဲတခုတွင် နအဖ စစ်အရာရှိကြီးတယောက်က ထိုင်းနိုင်ငံသည် ရှမ်းပြည်တပ်မတော်(SSA)ကို ကူညီပံ့ပိုးမှုများ ပြုလုပ်နေကြောင်း စွပ်စွဲပြောဆိုခဲ့သည်ဟု ဖော်ပြပါရှိသည်။

၁၂–၁၂–၂၀၀၂ နေ့က ပြုလုပ်သည့် အဆိုပါ နယ်ခြားကော်မတီဆွေးနွေးပွဲတွင် နအဖမြို့နယ် နယ်ခြားကော်မတီ ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး အေးစောက ထိုသို့စွပ်စွဲပြောဆိုခဲ့ရာ ထိုင်းဘက်က အံ့အားသင့်သွားကြရသည်ဟုဆိုသည်။ ထိုင်းအစိုးရသည် ရှမ်းပြည်တပ်မတော်ကို ကူညီမှုများ ပြုလုပ်နေသည့်အပြင် ဗဟိုအချက်အချာစခန်းများကိုလည်း ထိုင်းနိုင်ငံအတွင်းတွင် လက်ခံထားရှိကြောင်း စွပ်စွဲခဲ့သည်။

ထိုစွပ်စွဲမှုများနှင့်ပတ်သက်၍ ထိုင်းဘက်က ငြင်းဆိုလိုက်ပြီး ထိုင်းအစိုးရအနေဖြင့် (SSA)အပေါ် မည်သည့်ကူညီထောက်ပံ့မှုမျိုးမှ မရှိသကဲ့သို့ (SSA) စစ်စခန်းများလည်း ထိုင်းနယ်နိမိတ်အတွင်း မရှိကြောင်း တုံ့ပြန်လိုက်သည်ဟု ဆိုသည်။ နအဖ တို့က ထိုင်း–မြန်မာနယ်စပ် ဒွိုင်လန်းတောင်ကုန်းဒေသရှိ မြန်မာနယ်ထဲတွင် ထိုင်းတပ်စခန်းများ ချထားသည်ဟု စွပ်စွဲခဲ့သေးကြောင်းသိရသည်။

ရှမ်းပြည်တပ်မတော်စခန်းများ ထိုင်းဘက်တွင်ရှိကြောင်း နအဖက မကြာခဏ စွပ်စွဲပြောဆိုလေ့ရှိရာ အဆိုပါစွပ်စွဲချက်သည် မဟုတ်မမှန်ကြောင်း ရှမ်းပြည်တပ်မတော်က ငြင်းဆိုထားသည်။

❖ ❖ ❖

**ပြည်သူသာအမိ ပြည်သူသာအဖ**

# အာချေးငြိမ်းချမ်းရေး သဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက် ၂၆ နှစ်ကြာ သွေးထွက်သံယိုသတ်ဖြတ်မှုများ ရပ်တန့်သွားခဲ့ပြီ

ဒီဇင်ဘာ(၁၁)၊ နေးရှင်း

၂၆ နှစ်ကြာ ပဋိပက္ခအဆုံးသတ်ရေးအတွက် အစိုးရနှင့် ခွဲထွက်ရေးသူပုန်များ သဘောတူညီချက်တရပ် လက်မှတ်ရေးထိုးပြီးနောက် အင်ဒိုနီးရှားစစ်သည်များနှင့် အာချေးပြည်သူ ရာပေါင်းများစွာတို့သည် ယမန်နေ့က ကျေးဇူးတင် ချီးမွမ်းပွဲတော်တခု ပြုလုပ်ခဲ့ကြသည်။

"လွတ်လပ်သော အာချေးလှုပ်ရှားမှု (GAM-The Free Aceh Movement) ဟာ ယခုအခါ ကျနော်တို့ရဲ့ ညီအကိုတွေဖြစ်ခဲ့ကြပါပြီ၊ ဘယ်တော့မှ ရန်သူတွေ ပြန်ဖြစ်တော့မှာ မဟုတ်ပါဘူး"ဟု အင်ဒိုနီးရှားတပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အင်ဒရီယာတိုနို (Endriartono)က အာချေးမြောက်ပိုင်း လိုဆူမာဝေ (Lhokseum-awe)တွင် ကျင်းပခဲ့သည့် ကျေးဇူးတင်ချီးမွမ်းပွဲတော်သို့ တက်ရောက်လာကြသူ ပြည်သူနှစ်သောင်းကျော်တို့အား ပြောကြားခဲ့သည်။

အခမ်းအနားသို့ အာချေးတပ်မတော်ဦးစီးမှူး ဗိုလ်ချုပ်ဒဂျာလီယုဆုဖ် (Djali Yusuf)နှင့် ယူနီဖောင်းဝတ်ရဲများ၊ စစ်သားရာပေါင်းများစွာ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူ အများအပြားမှာ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးခဲ့ကြသည်။

၁၉၇၆ ခုနှစ်မှ စတင်ခဲ့သည့် အဆိုပါပဋိပက္ခတွင် လူပေါင်း (၁၀,၀၀၀)ကျော် သတ်ဖြတ်ခြင်းခံခဲ့ရပြီး အများစုမှာ အရပ်သားများဖြစ်ကြသည်။

ထိုအပစ်အခတ်ရပ်စဲရေးကို အာမခံရေးအတွက် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများလည်း စတင်ရောက်ရှိလာကြပြီဖြစ်ရာ ယမန်နေ့က ဗြိတိသျှငါးဦး အပါအဝင် နိုင်ငံခြားအရာရှိ (၁၇)ဦးပါဝင်သော ယာယီစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့တဖွဲ့ အာချေးသို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးနှင့် ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်းတို့ကို စောင့်ကြပ်ကြည့်ရှုရန် (၁၅)ဦးပါ ပူးတွဲလုံခြုံရေးကော်မတီတရပ် ဖွဲ့စည်းထားပြီး ထိုင်း၊ အင်ဒိုနီးရှားနှင့် (GMA)ခေါ် အာချေးလှုပ်ရှားမှုအဖွဲ့တို့မှ တဦးစီ ထိပ်တန်းတာဝန်များ ယူထားကြမည်ဖြစ်သည်။ စောင့်ကြပ်ကြည့်ရှုသူ (၁၄၄)ဦးပါဝင်သောအဖွဲ့ကို ထိုင်းနှင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား လွတ်လပ်သော အာချေးလှုပ်ရှားမှုအဖွဲ့တို့က သုံးပုံတပုံစီ ပါဝင်ကြမည်ဖြစ်သည်။

အစောပိုင်းကာလက အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားပြီးနောက် ယခုလို သဘောတူညီချက် ပြန်လည်အောင်မြင်လာမှုသည် နိုင်ငံတကာ စောင့်ကြပ်ကြည့်ရှုသူများ၏ အရေးပါမှုတရပ်အဖြစ် တွေ့မြင်ရကြောင်း လေ့လာသူများက သုံးသပ်ကြပြီး သဘောတူညီချက်အရ ပထမနှစ်လတွင် နှစ်ဘက်စလုံးမှ ခုခံမှုအနေအထားသို့ ရွှေ့ပြောင်းလာကြလိမ့်မည်ဖြစ်ပြီး ရန်စနိုးဆွမှု အပြုအမူများကို ရှောင်ရှားကြလိမ့်မည်ဟု ဆိုသည်။

အဆိုပါသဘောတူညီချက်တွင် သက္ကရာဇ် ၂၀၀၄ ခုနှစ်၊ အာချေး၌ လွတ်လပ်သော ရွေးကောက်ပွဲ မကျင်းပမီ ဘက်ပေါင်းစုံပါဝင်သော တွေ့ဆုံဆွေးနွေးပွဲတခု ပြုလုပ်ရန် တောင်းဆိုထားကြောင်း သိရသည်။

❖ ❖ ❖



အာချေးမြောက်ပိုင်း လိုဆူမာဝေတွင် ကျင်းပခဲ့သည့် ကျေးဇူးတင်ချီးမွမ်းပွဲတော်သို့ တက်ရောက်လာကြသော အင်ဒိုနီးရှားစစ်သည်များ

# ၂၀၀၂ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဗယ်ဆု အမေရိကန်သမတဟောင်း ဂျင်မီကာတာ ဆွတ်ခူးရရှိ



**အမေရိကန်သမတဟောင်း ဂျင်မီကာတာ (၁၉၇၇-၁၉၈၁)အား နိုဗယ်ငြိမ်းချမ်းရေးဆုအား လက်ခံရယူအပြီး တွေ့ရစဉ်**

၁၉၇၀ ပြည့်နှစ်လွန်နှောင်းပိုင်းမှစ၍ ယနေ့တိုင် ကမ္ဘာတဝှမ်းဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများအား ဖြေရှင်းရန် ကြိုးပမ်းခဲ့မှုနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရန် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့အတွက် အသက်(၇၈)နှစ်အရွယ်ရှိ အမေရိကန်သမတဟောင်း ဂျင်မီကာတာကို ၂၀၀၂ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်အဖြစ် ရွေးချယ်ချီးမြှင့်ခဲ့သည်။

နိုဗယ်ဆုပေးအပ်ပွဲကို ဒီဇင်ဘာလ(၁၀)ရက်နေ့က နော်ဝေးနိုင်ငံမြို့တော် အော်စလိုမြို့၌ကျင်းပခဲ့ရာ မစ္စတာကာတာကိုယ်တိုင် တက်ရောက်၍ ဆုလက်ခံရယူခဲ့သည်။ ဆုလက်ခံပွဲ၌ မစ္စတာကာတာက အီရတ်အပေါ် အမေရိကန်တို့၏ 'ကြိုတင်တားဆီးရေးစစ်ပွဲ'ဟုခေါ်သော အရေးယူဆောင်ရွက်ချက်သည် ကပ်ဘေးဒုက္ခရောက်စေနိုင်လိမ့်မည်ဟု ပြောကြားသွားခဲ့သည်။

ထို့ပြင် အီရတ်နှင့် အမေရိကန်တို့အား တိုက်ရိုက်နာမည် ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့သော်လည်း ဆဒမ်ဟူစိန်ကို ရာထူးမှ ဖြုတ်ချနိုင်ရေးအပေါ် ၎င်း၏ မနှစ်မြို့ခြင်းအား ရှင်းလင်းပြတ်သားစွာ ပြောကြားသွားခဲ့သည်။ အီရတ်အပေါ် စစ်ပွဲဆင်နွှဲရန် ပြင်ဆင်နေသည့် လက်ရှိသမတ ဂျော့ဘုရှ်ကိုလည်း ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုခဲ့သည်။

"ရန့်ရင်းကြမ်းတဲ့ ခေါင်းဆောင်တွေကို ပြစ်ဒဏ်ခတ်ဖို့ ကြိုးစားရမယ်။ ဒါပေမယ့် အားလုံးက ချိုးဖောက်ခံနေရသူတွေပေါ်မှာပဲ ပြစ်ဒဏ်ပေးနေကြတာပဲ"ဟု သူက ပြောကြားသွားခဲ့သည်။ ဆက်လက်၍ ၎င်းက "ငြိမ်းချမ်းရေးအပေါ် အလေးထားမှု၊ အခြားနိုင်ငံများ၊ အင်အားကြီးမဟာမိတ်များနဲ့ အပြည်ပြည်ဆိုင်ရာ သဘောထားတူညီမှုနဲ့ သဟဇာတဖြစ်ရေး စတာတွေဟာ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေဖြစ်ရမယ်ဆိုတာ ရှင်းနေပါတယ်။ ပြည့်စုံမှု ရှိချင်မှရှိပါလိမ့်မယ်။ ဒါတွေကို ကုလသမဂ္ဂကတဆင့် အကောင်းဆုံးဆောင်ရွက်နိုင်မယ်ဆိုတာကတော့ သံသယရှိစရာ မဟုတ်ပါဘူး"ဟု ပြောဆိုသွားခဲ့သည်။

သူသည် အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်တွင် မြေပဲစိုက်ပျိုးသူတဦးအဖြစ် ဘဝစတင်ခဲ့ပြီး ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ အမေရိကန်သမတအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် အီဂျစ်နှင့် အစ္စရေးအကြား ဒေးဗစ်စခန်းသဘောတူညီချက် စေ့စပ်ဆွေးနွေးမှုအတွက် ကမ္ဘာတဝှမ်းလုံးက ချီးကျူးထောပနာပြုမှုကိုခံခဲ့ရပြီး နိုဗယ်ဆုရရန် မျှော်လင့်ခဲ့သော်လည်း အချိန်မီ နာမည်စာရင်း မသွင်းနိုင်ခဲ့ပေ။

သူသည် အမေရိကန်သမတများအနက် ဂုဏ်သိက္ခာကြီးမားသော ငြိမ်းချမ်းရေးနိုဗယ်ဆုကို လက်ခံရယူနိုင်ခဲ့သည့် (၃)ယောက်မြောက် သမတဖြစ်သည်။

❖ ❖ ❖

# မိုးကြိုးဆရာ အယ်ဒီတာသို့ .....



**တင်မိုး**

"'ကမ္ဘာမကြေ'ဆိုတာ ကျနော်တို့ရဲ့ နိုင်ငံတော်သီချင်း။ အမျိုးသားသီချင်း။ သမိုင်းကလာတဲ့ သီချင်း။ လွတ်လပ်ရေးစိတ်ဓာတ်၊ သခင်စိတ်ဓာတ် ပြည့်လျှမ်းနေတဲ့သီချင်း။ ဒီတေးသံကို အားနဲ့ မာန်နဲ့ သီဆိုရင်း တို့ဗမာ အစည်းအရုံးခေတ်က သခင်ရဲဘော်တွေဟာ ...."

(၁)

အနုပညာဆိုတာ အမြဲစိမ်းဥယျာဉ်ကလေးပါ။ စိတ်နှလုံးပန်းလျှမှုရဲ့ ခိုလှုံရာထာဝရပါ။ ကျနော့် ကက်ဆက်က 'ခင်မောင်ရင်' ကိုယ်တိုင်ဆိုခဲ့တဲ့ နဂါးနီသီချင်းသံ လွင့်ပျံနေပါတယ်။ ကျနော်လည်း 'ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်၊ လူမွဲတွေက မနှေးခေတ်မီ သူဌေးဖြစ်တော့မည်'လို့ လိုက်ပြီး ဆိုမိပါတယ်။ စိတ်ဓာတ်ခွန်းအားတိုးသလိုလို တမျိုးအရသာ ခံစားရပါတယ်။

အော် .... ဒီသီချင်းဟာ ကြာပါကကော။ ငါတို့ ကစားအရွယ်တုန်းက တပြည်လုံးညံခဲ့တဲ့ သီချင်းသံပါလား။ နဂါးနီစာအုပ်တိုက်က တပ်လှန့်သံ၊ တပြည်လုံးရဲ့ အားမာန်။

၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ။ ကျနော် အင်းစိန်ထောင်ကျခဲ့တယ်။ ထောင်ထဲမှာ နိုင်ငံရေး အကျဉ်းသား လူငယ်ကျောင်းသားတွေနဲ့ ဆုံခဲ့တယ်။ သီချင်းတွေဆိုကြတယ်။ ရှစ်လေးလုံးမှာ ပြည်သူတွေဆိုခဲ့ကြတဲ့ 'နဂါးနီ'ကို သတိရပြီး အားရပါးရ ဆိုမိတော့ ထောင်ဝါဒါတယောက် ရောက်လာပြီး 'ထောင်ထဲမှာ နဂါးနီသီချင်း ဆိုခွင့်မရှိဘူးဆိုတာ မသိဘူးလား'လို့ ကြိမ်းမောင်းတယ်။ တို့တတွေလဲ မကျေမနပ်နဲ့ ရပ်လိုက်ရတယ်။ ဒါပေမယ့် နှလုံးသားထဲမှာတော့ သီချင်းမရပ်။

'နဂါးနီတန်ခိုးနဲ့ အမျိုးဂုဏ် တက်စေမည်'တဲ့။

(၂)

နဂါးနီက ဆင့်ပွားပြီး စဉ်းစားခန်း ဝင်မိတယ်။

"ကောင်းကျိုး အထွေထွေရယ်လို့ ချွန်စေ မြစေစော။ ဒေါင်းအိုးဝေရယ်လို့ တွန်စေကစေသောဝ်"

ဆရာကြီးမှိုင်းရဲ့ လေးချိုးကဗျာကြီးထဲက အသံ။ နှုတ်ဖျားမှာ အလိုလို နားလာတဲ့ စာသား။ အနုပညာ ရတနာမှန်သမျှ မသေနိုင်တကား။ အမြဲတမ်း အသက်ရှင်ပြီး လူ့ဝိညာဉ်ကို နှိုးနေဦးမှာပါတကား။

'ကမ္ဘာမကြေ'ဆိုတာ ကျနော်တို့ရဲ့ နိုင်ငံတော် သီချင်း။ အမျိုးသားသီချင်း။ သမိုင်းကလာတဲ့သီချင်း။ လွတ်လပ်ရေးစိတ်ဓာတ်၊ သခင်စိတ်ဓာတ် ပြည့်လျှမ်းနေတဲ့သီချင်း။ ဒီတေးသံကို အားနဲ့မာန်နဲ့ သီဆိုရင်း တို့ဗမာအစည်းအရုံးခေတ်က သခင်ရဲဘော်တွေဟာ နယ်ချဲ့တော်လှန်ရေးကို ဆင်နွှဲခဲ့ကြတယ်။ တိုက်ပွဲဝင်ခဲ့ကြတယ်။ ကြက်သီးမွေးညင်း ဖြန်းဖြန်းထတက်ကြွခဲ့ကြတယ်။

"အမျိုးသားရေး .... ကြိုးပမ်းကြပါ.... တို့ဗမာ ....

အရှေ့ကနေဝန်း.... ထွက်သည့်ပမာပ....

တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ ....

ဟေ့ .... တို့ဗမာ ...."

ဒီအသံတွေဟာ နှလုံးသားထဲက ရုန်းပွင့်လာတဲ့ အသံတွေပါ။ ပြည်သူလူထုရဲ့ ခံစားမှုကို ကိုယ်စားပြုနိုင်တဲ့ အနုပညာရှင်ကြီးများ (ဝိုင်အမ်ဘီအေသခင်တင်နဲ့ သခင်ဘသောင်း)ရဲ့ လက်ရာမွန်တွေပါ။

ဒီလက်ရာမွန်တွေကို သမိုင်းတည်အောင် မျိုးချစ်စိတ်ဓာတ်မီးလျှံ အမြဲတောက်စေဖို့ နိုင်ငံတော်သီချင်းအဖြစ် ပြဌာန်းခဲ့ပါတယ်။

အရေးအကြောင်းပေါ်လာတော့ ကျောင်းသားလူငယ်ကလေးတွေရဲ့ ရင်ထဲမှာ 'သခင်စိတ်ဓာတ်' နိုးကြားလာပါတယ်။ စစ်အာဏာရှင်ရဲ့ ကျေးကျွန်ဖြစ်နေရတဲ့ ကာလမှာ ကျောင်းသားလူငယ်ကလေးတွေဟာ 'ကမ္ဘာမကြေ' သီချင်းကို လှိုက်လှိုက်လှဲလှဲ ရင်ထဲက ထွက်လာပြီး ညီညီညာညာ သီဆိုဟစ်ကြွေးလိုက်ပါတယ်။ စစ်အာဏာရှင်ရဲ့ လက်ပါးစေ စစ်တပ်က 'ကမ္ဘာမကြေ'ဆိုနေကြတဲ့ ကျောင်းသားလူငယ်ကလေးတွေကို ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ ကျောင်းသားကလေးတွေဟာ သွေးအိုင်ထဲမှာ လူးရာက ....

'ကမ္ဘာမကြေဘူး .... ပေတရာပေါ်မှာ သွေးစွန်းခဲ့ပြီ အဖိုးရေ ....'လို့ အဖိုးသခင်ကိုယ်တော်မှိုင်းနဲ့ အဖ သခင်အောင်ဆန်းကို တိုင်တည် သီကျူးလိုက်ပါတယ်။

ဒီနှစ် ပြည်ထောင်စုနေ့အကြို တနင်္လာညခင်းမှာ သွေးခင်းခဲ့ရတဲ့ အနုပညာတေးသံသာကို သတိရအောက်မေ့ပြီး ကဗျာတပုဒ် ဖွဲ့လိုက်မိပါတယ်။

(၃)

ဖွဲ့မိပုံက ဒီလိုပါ ....

**အမြဲစိမ်း ဥယျာဉ်**

'ခင်မောင်ရင်'ဆိုတဲ့ 'နဂါးနီ'
အနုပညာ သက်တမ်းရှည်။

ပြည်သူလူထု အကျိုးပြုတဲ့
အနုပညာ မှန်သမျှ
ဘယ်တော့မှ မသေနိုင်
အသက်ကြိုးမျှင် ခိုင်ပေသည်။

အဖိုး သခင်ကိုယ်တော်မှိုင်းရဲ့
သမိုင်းဝင် လေးချိုးမဟာ
တေးရိုးကဗျာများစွာသည်
ပြည်သူရဲ့ အမွေအနှစ်
အနုပညာစစ် ခေတ်မမှိန်
မတိမ်ကောနိုင်လေပြီ။

ခေတ်နဲ့လျော်ညီတဲ့ နှုန်းစံ
သီကုံးဟန် ဖွဲ့နွဲ့ဟန်
ပုံသဏ္ဍာန် အတန်တန်ပြောင်းပေမဲ့

အမွေကောင်း အနုပညာမှာ
စေတနာ အမြဲသက်သည်မို့
ရင့်ကျက်တဲ့ အမြုတေ
ထုချေလို့ မပျက်နိုင်
အသက်ခိုင်လို့ မသေမြဲ
ရွှေခဲ ငွေခဲ ဆိုနိုင်သည်။

'ကမ္ဘာမကြေ'တို့ ဗမာသီချင်း
မြို့ရွာအတွင်း တပ်လှန့်နှိုး
နိုးကြားတဲ့ အမျိုးသားသီချင်း
မသေစာရင်း ဝင်ခဲ့ပြီ။

အနုပညာ ဈာန်နိုးတော့
အမျိုးမျိုး ဖန်ဆင်း
အသစ်ထွင်းတဲ့ လက်ရာ
လွတ်လပ်စွာ စီးဆင်းတဲ့
မြစ်မင်း ဧရာဝတီ။

အသစ်ကို မငြင်း
အိုမင်းနှစ်ချို့ အရသာကိုလဲ
ဘဝတာ ထိန်းသိမ်း
ကိန်းအောင်းတဲ့ အနုပညာသန္ဓေ
ပြည်သူ့အမွေ အစစ်အမှန်မို့
မဖောက်ပြန်တဲ့ ပရမတ္တအလား
မြတ်စွတကားလို့ ဆိုချင်သည်။

ဥာဏလွန့်လူး
ဟဒယ ကွန့်မြူးတော့
ကြည်နူးဖွယ် ငြိမ်းချမ်းတဲ့
စိမ်းလန်းတဲ့ ဥယျာဉ်
အနုအယဉ် အလှတို့စံရာ
မြန်မာတို့တိုင်းပြည်။

၁၁၊ ၁၂၊ ၂၀၀၀။

မသေနိုင်တဲ့ အနုပညာဟာ ပြည်သူလူထုရဲ့ရင်ထဲမှာ ရှိလေရဲ့။ ရှစ်လေးလုံး အရေးတော်ပုံကြီးတုန်းက ကျွန်တော်တို့ကိုယ်တိုင် ဆရာ 'မင်းသုဝဏ်'ရဲ့ 'ဒေါင်းပျို ထိုးစွပ်၊ ဘယ်ညာခွပ်၍၊ လွတ်လပ်ရလေ၊ တို့တတွေသည်၊ အိုးဝေ ကျေးဇူးပါတကား'ဆိုတဲ့ ကဗျာကိုရွတ်ပြီး ခွပ်ဒေါင်းတိုက်ပွဲတွေကို ထောက်ခံဟောပြောပွဲများ ဆင်နွှဲခဲ့ရတာကို သတိရ လွမ်းဆွတ်မိပါသေးရဲ့။

တင်မိုး

❖ ❖ ❖


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ‘ခြောက်’ တိုက်မှာ ‘လောက်’ ကိုက်တာ ခံဖူးသလား

## ဝင်းတင့်ထွန်း

**ယခင်အပတ်မှအဆက်**

မကြာမကြာ သတိပဋ္ဌာန်လေးကပ်ပြီး တရားထိုင်ကြည့်ရင်း ပျံ့လွင့်နေတဲ့ စိတ်တွေကို အားယူကြိုးစားဆွဲချုပ်ကြည့်နေခဲ့ရပါတယ်။ ဒီကြားထဲမှာ ကဗျာရိပ်တွေဝင်လာရင် ကဗျာစပ်ကြည့်ပါတယ်။ စိတ်နဲ့ ဖွဲ့၊ စိတ်နဲ့သီ၊ စိတ်နဲ့ ရွတ်၊ စိတ်နဲ့ မှတ် အားလုံး ပေါင်းစုံမိသွားလို့လားတော့မသိ နဲနဲတော့ခံနိုင်ရည်ရှိလာသလိုလို ခံစားရလာတယ်။

“အသားထဲက လောက်ထွက်တဲ့ သစ္စာဖောက် လောက်ကောင်”၊ ဗမာလူမျိုးတွေရဲ့ ဆိုရိုးစကားတွေလေ။ သစ္စာဖောက်ကို ‘လောက်’နဲ့ နှိုင်းတယ်။ ကျနော်ကတော့ လောက်တကောင်ကြောင့် လောက်နဲ့ ရင်ဆိုင်နေရတာ လက်တွေ့ဖြစ်နေတယ်။ ကျနော့်ကိုယ်ပေါ် တက်လာနေတဲ့ လောက်တကောင်ကိုကြည့်ရင်း စကားပြောတတ်တဲ့ လူ ‘လောက်’တကောင်ရဲ့ မျက်နှာကိုလဲ ခါးခါးသီးသီး ပြန်သတိရနေတယ်။ ရွှေကျီးရဲ့ မျက်နှာ၊ လောက်ရဲ့ မျက်နှာ၊ မျောက်အိုကြီးရဲ့ မျက်နှာ။ အဲဒီမျက်နှာတွေ အားလုံးကို ဖုံးလွှမ်းပစ်ပြီး ပီပီသသကြီး ပေါ်ထွက်လာတာကတော့ ဗိုလ်ချုပ်ကြီး နေဝင်းဆိုသူရဲ့ မျက်နှာပါပဲ။ ကျနော့်ကို ရှုးနေပြီလို့ မထင်ပါနဲ့။ မဆီမဆိုင် ဗျာလို့လဲ မပြောပါနဲ့။ တကယ်ကို ကျနော် မြင်မြင်နေမိတဲ့ မျက်နှာတွေထဲမှာလဲ ဗိုလ်နေဝင်း မျက်နှာကြီးလဲ ပါပါတယ်။

တရက်တော့ သစ်သားတံခါးကြီး ဒိုင်းကနဲ ဆွဲပွင့်သွားတယ်။ အလင်းရောင်ကို ပြည့်ပြည့်ဝဝမြင်ရလို့ ထိုင်နေရာကနေ ဝမ်းပန်းတသာ အပြင်ဘက်ကို ကြည့်လိုက်မယ်ပြင်တော့ ဝင်လာတာကတော့ မျောက်အိုကြီးလေ။ ထုံးစံအတိုင်း လှောင်သလိုလို အပြုံးမဲ့မဲ့ကြီးနဲ့ပေါ့။ မျက်နှာရှုံ့တွတ္တွကြီးကို အံ့သြသလို ပုံစံမျိုးဖြစ်အောင် တမင် အတင်းဖန်တီးယူလိုက်ပြီး လက်တဖက်က နှာခေါင်းကြီးကို ပိတ်ရင်း ....

“အော် .... မင်းမအေးဘူးလား မိုးတွင်းကြီးကွာ၊ သူများတွေများ အေးလွန်းလို့ အနွေးထည်တောင် ထပ်ဝတ်နေရပြီ။ မင်းမှာ အကုန်ချွတ်လို့ကွာ .... အံ့ပါရဲ့၊ အံ့ပါရဲ့” တဲ့။

ကျနော်က ကိုယ့်ဘကြီးလောက် အသက်အရွယ်ရှိတဲ့သူကို “မအေလိုးကြီး”လို့ ကော်ဆဲပစ်လိုက်ချင်စိတ်ကို မနဲကြီးအောင့်ပြီး သူ့ကို ခပ်တင်းတင်း ပြန်ကြည့်နေမိတယ်။

“အမလေး .... ဟိုဘက်နဲနဲ လှည့်ပါ။ မင်းက တမင်ငေါ့ပြနေသလိုပဲ။ ငါက မင်းအသက်မှ ရှိသေးရဲ့လားလို့ပါ ....ဟားဟား”

တံခါးကို စောင့်ပိတ်ပြီး ပြန်သွားတယ်။ ဒေါသတွေက တလိပ်လိပ် လှိုက်တက်လာတယ်။ နာရီဝက် ကျော်ကျော်လောက်ကြာတော့ တံခါးကြီး ဂျိုင်းကနဲ ပွင့်သွားပြန်တယ်။ ဝင်လာတာက ‘ထမင်းထိုး’ ‘ဖိုးနီတောင်’ပါ။ ထုံးစံအတိုင်း နှာခေါင်းကြီးကိုပိတ်လို့။ သူကတော့ ကျနော့်အခန်း တနေ့နှစ်ခေါက် မှန်မှန်ရောက်ရတဲ့သူပါ။ မနက်ထမင်းထိုးချိန် ထမင်းပန်းကန်လာပေး တခေါက်၊ ညနေထမင်းထိုးချိန် ထမင်းပန်းကန်လာပေး တခေါက်၊ ပေါင်းနှစ်ခေါက် မရောက်ရောက်အောင် လာရသူပါ။

“ရော့ .... ရော့ ကနေ့ အသားစားနေ့ .... ကြက်သားတဲ့ဗျ။ ရှားရှားပါးပါး” ထမင်းပန်းကန် ဒန်ပန်းကန်ပြားကို သံတံခါးအောက်ကနေ ထိုးသွင်းပေးလာတယ်။ လုံးတီးထမင်းပုံလေးပေါ်မှာ ကြက်ခြေထောက်ကြီး တချောင်း။ တကယ်က ကြက်ပေါင် တပေါင်ဖြစ်ရမှာ။ ပုံစံက အပြည့်ကျွေးရမှာက တပတ်မှာ အသားစားတနပ်။ တနပ်အတွက် အသား (၄)အောင်စ၊ (၁၆) အောင်စ၊ တပေါင်ဆိုတော့ (၄) အောင်စဟာ (၇) ကျပ်သားလောက်ရှိရမှာ။ ပေါင်ရင်းကနေ မဟုတ်ပေမဲ့ ဒူးဆစ်အထက် အသားတော်ရုံသင့်ရုံတော့ ပါရမှာ။ အခုတော့ တကယ့်ကို ခြေထောက်တချောင်းသာသာ။ အသားက ဘုရားစူး မိုးကြိုးပစ် ပါတယ်ဆိုရုံလေး။

(၅)တိုက်တုန်းကလိုသာဆိုရင် “မအေလိုးတွေ .... ပုံစံတောင် မတရားခိုးတယ်။ ဒီလို ခြေထောက်ရိုးကြီး လာပေးရသလားကွ” လို့ ဆဲမိမှာအမှန်။ အခုလဲ ပါးစပ်က ဆဲမိတော့မလို ဖြစ်သွားပြီးမှ တစုံတခုကို သတိရသွားမိပြီး ဝမ်းသာလိုက်တာ။ ကြက်ရိုးကြီးကို ကြည့်ပြီး ဝမ်းသာလိုက်တာ။

ဖိုးနီတောင် သစ်သားတံခါးကြီးကို ဂျိုင်းကနဲ ဆွဲပိတ်သွားတာတောင် သတိမထားမိလိုက်၊ ကြက်ရိုးကြီးကို အားပါးတရဆွဲပြီး မနပ်တနပ် ချက်ထားတဲ့အတွက် အပေါ်က မာတောင့်ကပ်နေတဲ့ အရေပြားထူထူကြီးကို ဂရုတစိုက် ဖွဲ့ယူစားသောက် နေမိတယ်။

လူ့စိတ်များ ဘယ်လောက်ခက်သလဲ။ အရင်က အခုလို မကျက်တကျက်ချက်ထားရင် တော်တော် ဒေါသဖြစ်မိပေမဲ့ အခုတော့ အခုလို မကျက်တာကိုတောင် ကျေနပ်မိသလိုလိုဖြစ်လိုက်သေး။ နူးနူးနပ်နပ် ဖြစ်နေရင်အခက်။ ထမင်းတဆုပ်၊ ဟင်းတဆုပ်နဲ့ ကြက်ရိုးကြီးကို ပြောင်စင်သွားအောင် စုပ်ယူစားသောက်ပြီးတဲ့အခါ ခြေထောက်ရိုး မာမာကြီးသာ ကျန်တော့တယ်။ အဓိက အသုံးချစရာ၊ ရေရှည် အသုံးချစရာကြီး တခုတော့ရပြီ။

နောက်ဖေးသွားပြီးရင် သုတ်စရာကြီး တခုတော့ရပြီ။ ကြက်ခြေထောက်ရိုး တုတ်ချောင်း။ သုံးပြီး သေးရည်ထဲထည့်ဆေး၊ ပြီးရင် နံရံမှာ ထောင်ထား။ ရိုရိုသေသေသုံးရင် အနည်းဆုံး ဆယ့်လေးငါးရက်လောက်တော့ အသာလေးပေါ့။ ချဉ်ပေါင်ရိုးလို ပျော့ခွေအိဖတ်သွားစရာ အကြောင်းမရှိတော့။ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်း။

လောက်တွေ တင်ပါးအထိ အထိုးအကိုက်ခံရစက ဘောင်းဘီတိုလေး တထည်လောက်များ ကိုယ့်မှာ ဝတ်ထားခွင့် ကျန်သေးရင် တော်တော်ကောင်းမှာပဲလို့ စဉ်းစားမိပြီး အဲဒီစဉ်းစားမှုကတော့ ဘယ်လိုမှ ပြည့်ဝခွင့်မပေါ်လာ။ နောက်ဖေးသွားပြီး သုတ်စရာ တုတ်ချောင်းလေး တခုလောက်ရှိရင် သိပ်ကောင်းမှာပဲဆိုတာကတော့ အခုပြည့်စုံသွားပြီ။ ယာယီ ပြည့်စုံသွားပြီ။ လူတို့ကြံ၊ ထရံတောင် ချေးသုတ်ခနှောင်းဖြစ်’ဆိုတဲ့ ငယ်ငယ်တုန်းက ကြားခဲ့ရဖူးတဲ့ ပြက်လုံးစကားဟာ ဘာဟုတ်သေးလို့လဲ။ အခုတော့ ‘လူတို့ကြံ ကြက်ခြေထောက်တောင် ချေးသုတ်တံ ဖြစ်သွားရပြီ မဟုတ်လား။

ထမင်းစားပြီးတော့ သံတိုင်ကြားကနေ လက်လျှိုပြီး ရေလေးတခွက် ခပ်သောက်မိတယ်။ ရေကလဲ များများမရှိ။ များများရှိလဲ များများမသောက်ရဲ။ များများသောက်ရင် များများပေါက်မိပေလိမ့်မယ်။ များများပေါက်မိရင် မဟာနံ့တာအိုင်ကြီး ချောင်းပေါက်သွားနိုင်တယ်။ တလှုပ်လှုပ်နဲ့ လာရတာတောင် ရင်ဘတ်ပေါ်ထိ ရောက်ရောက်လာတတ်တဲ့ လောက်ကောင်တွေဟာ ချောင်းပေါက်သွားလို့ကတော့ ဆယ်ဆမက မြန်တဲ့ အမြန်နှုန်းနဲ့ ပိုမို ဒုက္ခပေးကြပေလိမ့်မယ်။ ကျောတခင်းစာအတွက် တစ်နှစ်သုံးလေး အရေအတွက်နဲ့ ခြောက်ခြောက်သွေ့သွေ့ နေရာကလေးတခု ဖန်တီးနိုင်တော့မှာမဟုတ်။

“ထိမှု၊ သိမှု၊ ဤနှစ်ခု၊ ကြပ်ကြပ်သတိပြု”တဲ့။ သဲအင်းဂူ ဆရာတော်ကြီးကတော့ ဝိပဿနာ တရားတော်ကို လောကုတ္တရာ လမ်းစဉ် ဘက်ကနေ တင်ပြသွားခဲ့တယ်။ ကျနော်ကတော့ ထိမှုလဲ ထိမှန်း၊ သိမှုဘက်ကနေ သိသိနေပါတယ်။ ဒါပေမဲ့ လောကုတ္တရာ မဟုတ်တဲ့ လောကီလမ်းကနေ ဖြစ်နေတဲ့အတွက် ထိရင် ထိတာကိုသိပြီး နာပါတယ်။ နှလုံးသားထဲအထိ နာပါတယ်။ အရိုးထဲထိ နာပါတယ်။ တရားမရနိုင်သေးဘူးလို့ ပြောချင်လဲ ပြောပါစေ။

လောက်ကိုက်ထားရာကနေ ဖြစ်လာတဲ့ အနာတွေကိုကြည့်ရင်း လောက်ကောင်ရဲ့ မျက်နှာကိုလဲ ပြေးပြေးမြင်ပါတယ်။ လောက်တွေကိုလဲ သေသေချာချာ ကြည့်မိပါတယ်။ မျောက်အိုကြီးရဲ့ အသံကိုလဲ ပြန်ကြားနေမိပါတယ်။ ရွှေကျီးရဲ့မျက်နှာ စုတ်ချွန်းချွန်းကိုလဲ သိမှုတရားက ကောင်းကောင်းကြီး မှတ်မိနေပါတယ်။ အားလုံးရဲ့အပေါ်မှာတော့ ဗိုလ်နေဝင်းရဲ့ မျက်နှာကြီးက လွှမ်းလွှမ်းသွားပါတယ်။

အနှစ်နှစ်ဆယ်ကျော်ခဲ့ပါပြီ။

လောက်ကောင်တွေလဲ တွေ့ခဲ့ဖူး၊ လောက်ကိုက်တာလဲ ခံရဖူးပြီ။ လောက်ကိုက် ဒဏ်ရာတွေ ကိုယ်မှာပျောက်ကာ နှလုံးသားထဲ လောက်သာ ကျန်တော့ပေမဲ့ “ခြောက်တိုက်မှာ လောက်ကိုက်တာ ခံဖူးသလားဟေ့”ဆိုတဲ့ အသံကိုတော့ အကြောင်းဆုံတိုင်း ပြန်ပြန် သတိရနေမိပါတယ်။

❖ ❖ ❖

ဝင်းတင့်ထွန်း

# အခွန်တော် တိုးတက်ရရှိရေး စစ်ဗိုလ်မှူးများ ကြီးစိုးကြပေဦးမည်

မြန်မာနိုင်ငံတွင် အခွန်မပေးဘဲ တိမ်းရှောင်နေမှုများ များပြားလာသည့်အတွက် အခွန်တော် တိုးတက်ရရှိရန် အခွန် တိုးတက်ရေး ကော်မတီတရပ် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများက အစိုးရကို ပေးဆောင်ရမည့် အခွန်ငွေများ အပြည့်အဝ မပေးဆောင်ဘဲ တိမ်းရှောင်နေကြသည်ကို ကြပ်မတ်နိုင်ရန် အခွန်အရပ်ရပ် တိုးတက်ကောက်ခံရေး ကော်မတီတရပ်ကို ပြီးခဲ့သည့် အောက်တိုဘာလက စတင်ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီတွင် စစ်တပ်မှ ဗိုလ်မှူးကြီးအဆင့် တဦးအပါအဝင် ဒု–ဗိုလ်မှူးကြီး(၂)ဦး၊ ဗိုလ်မှူးအဆင့် အရာရှိများနှင့် စုစုပေါင်း (၁၀၀)ဦး ပါဝင်သည်ဟု ဆိုသည်။

အဆိုပါကော်မတီဝင် စစ်တပ်အရာရှိများသည် အခွန်ဦးစီးဌာန၏ လက်ရှိ မြို့နယ်ဦးစီးမှူး တာဝန်များကို လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း သိရှိရပြီး၊ လောလောဆယ်တွင် ထိုအရာရှိများသည် အခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ နားလည်ရန် အောင်ဘာလေ သိန်းဆုဌာနတွင် ရက်တိုသင်တန်းများ ရယူနေကြောင်း သိရသည်။

ယခုလို အခွန်တိမ်းရှောင်နေမှုများ ဖြစ်ပေါ်လာခဲ့ခြင်းနှင့် ပတ်သက်၍ အခွန်ဦးစီးဌာနမှ အမည်မဖော်လိုသူ အရာရှိတဦး၏ အဆိုအရ ထိုသို့ နိုင်ငံတော်က အမှန်တကယ် ရရှိရမည့် အခွန်ငွေ အမြောက်အမြားကို တိမ်းရှောင်နေသူများမှာ စစ်အုပ်စု၏ အထူးအခွင့်အရေး ပေးခြင်းခံရသည့် လုပ်ငန်းရှင်ကြီးများ ပါဝင်သကဲ့သို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ထားသည့် အဖွဲ့အစည်းများ၏ နာမည်ကိုသုံး၍ လုပ်ကိုင်နေသည့် လုပ်ငန်းများ၊ လက်ရှိ ဗိုလ်ချုပ်ကြီးများ ပါဝင်ပတ်သက်နေသည့် လုပ်ငန်းများ၊ တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ကြီးဌာနများ ပါဝင်သည့် ဖက်စပ်လုပ်ငန်းများက အခွန်တိမ်းရှောင်နေကြသည့်အတွက် ယခုကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေ ရသင့်သလောက်မရဘဲ ဖြစ်နေခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ဆက်လက်၍ အဆိုပါ အရာရှိကပင် ယခုလို မြို့နယ်အခွန်ဦးစီးမှူး၏ နေရာတွင် စစ်တပ်အရာရှိများ ဝင်ရောက်လာကြမည် ဖြစ်သည့်အတွက် အခွန်ဦးစီး ဝန်ထမ်းများ အနေဖြင့် အလွန်စိတ်ဓာတ်ကျနေကြကြောင်း၊ ထိုနေရာသည် အခွန်ဦးစီးဌာနတွင် ဝင်ငွေ အကောင်းဆုံး နေရာဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

အဆိုပါ ကော်မတီဝင် စစ်တပ်အရာရှိ အယောက် (၁၀၀)တို့သည် ယခု ဒီဇင်ဘာလ ကုန်ပိုင်းမှစ၍ ရန်ကုန်တိုင်း အဓိကမြို့နယ် (၇)မြို့နယ်တွင် တမြို့နယ်လျှင် (၁၀) ယောက်ကျစီနှင့် ကျန်အယောက် (၃၀)တို့က အထက်ဗမာပြည်ရှိ မန္တလေး၊ တောင်ကြီးမြို့များနှင့် အခြားအလားတူ မြို့ကြီးများတွင် စတင်တာဝန်ယူ ဆောင်ရွက်ကြတော့မည်ဖြစ်ကြောင်း သိရသည်။ ❖

# လူငယ်နိုးနှောဖလှယ်ပွဲကျင်းပနေစဉ် ထိုင်းရဲအဖွဲ့၏ ဖမ်းဆီးခြင်းခံရ (၁၃)ဦးကို နယ်နှင်ဒဏ်ချမှတ်၍ တဦးကို ဆက်လက်ချုပ်နှောင်ထားဆဲ

ဒီဇင်ဘာ ၁၃ ရက်၊ မယ်ဟောင်ဆောင်

ယမန်နှစ်မှစတင်၍ တလတကြိမ် ပြုလုပ်သော ထိုင်း–မြန်မာနယ်စပ်အခြေစိုက် အတိုက်အခံ တိုင်းရင်းသားလူငယ် အဖွဲ့အစည်းများအကြား သွေးစည်းညီညွတ်မှုနှင့် နိုင်ငံရေးနိုးနှောဖလှယ်မှု လူငယ်စကားဝိုင်းကို ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဟောင်ဆောင်မြို့ တနေရာတွင် ဒီဇင်ဘာလ(၁၀)ရက်နေ့က ကျင်းပပြုလုပ်နေစဉ် ထိုင်းရဲများ၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။

ဖမ်းဆီးခံခဲ့ရသူ (၂၂)ဦးအနက် ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်လက်မှတ်ရှိသူများကို ပြန်လည်လွှတ်ပေးလိုက်ပြီး လက်မှတ်မရှိသူ လူငယ် (၁၃)ဦးတို့ကို မယ်ဟောင်ဆောင် တရားရုံးက ဒီဇင်ဘာလ(၁၂)ရက်နေ့တွင် နယ်နှင်ဒဏ်ချမှတ်ခဲ့ပြီး ထိုင်း–မြန်မာနယ်စပ် တနေရာသို့ ပို့ဆောင်လိုက်ပြီဖြစ်သည်။

သို့ရာတွင် ထိုင်းအာဏာပိုင်များက ထိုင်းနိုင်ငံတွင် တရားမဝင်နေထိုင်မှု၊ တရားမဝင် ဝင်ရောက်လာသူများကို လက်ခံခဲ့မှုဖြင့် Green November-32 အဖွဲ့မှ အဖွဲ့ဝင် ကိုဒေါင်းနီ(ABSDF)ကို ဆက်လက်ဖမ်းဆီးထားပြီး မယ်ဟောင်ဆောင် အကျဉ်းထောင်သို့ ပို့ဆောင်ထားကြောင်း သိရသည်။

ကိုဒေါင်းနီအား စွဲဆိုထားသည့်အမှုများမှာ တရားရုံးမှ အာမခံပေးနိုင်သော်လည်း ယခုအချိန်ထိ အာမခံပေးမည့်သူမရှိသေးသည့်အတွက် အချုပ်ခံအဖြစ်နှင့် တရားရင်ဆိုင်ရဖွယ်ရှိကြောင်း (NMG) သတင်းအဆိုအရ သိရသည်။

ဖမ်းဆီးထိန်းသိမ်းခံရသည့် လူငယ်များတွင် အမျိုးသား(၉)ဦး၊ အမျိုးသမီး(၅)ဦးတို့ ပါဝင်ပြီး၊ ရှမ်းလူငယ်အဖွဲ့ SYNG၊ ကရင်နီကျောင်းသားသမဂ္ဂ KSU၊ ကရင်နီသတင်းဌာန KING၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု NDD၊ နယ်စပ်ဒေသရောက် တိုင်းရင်းသားများအား ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ SCOEWBA၊ ကရင်နီအမျိုးသမီးအဖွဲ့ KNWO၊ ပအိုဝ်းအမျိုးသမီးသမဂ္ဂ PWU နှင့် Green November-32 မှ အဖွဲ့ဝင်များဖြစ်ကြောင်း သိရသည်။

❖ ❖ ❖

# ထိုင်းနိုင်ငံတွင်တရားမဝင် မွေးဖွားလာသည့် မြန်မာကလေးများအား ကုလသမဂ္ဂက ကူညီရန် မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်က တိုက်တွန်းပြောကြား



မက်ဆေးဆေးဆုရှင်
ဒေါက်တာစင်သီယာမောင်

ထိုင်းနယ်စပ် ဒုက္ခသည်စခန်းများနှင့် ထိုင်းစက်ရုံအလုပ်ရုံများတွင် မွေးဖွားခဲ့ကြသည့် မြန်မာကလေးငယ်များအနေဖြင့် မည်သည့် အထောက်အထားမျှ မရှိသည့်အတွက် ကုလသမဂ္ဂက အဆိုပါကလေးငယ်များအား ဒုက္ခသည်အဖြစ် အသိအမှတ်ပြုပေးရန် လိုအပ်ကြောင်း ၂၀၀၂ ခုနှစ်၊ ရာမွန်မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်၏ ပြောကြားချက်ကို ကိုးကား၍ ဒီဇင်ဘာလ (၁၂)နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ဒေါက်တာစင်သီယာမောင်က အဆိုပါ ကလေးငယ်များအတွက် ကုလသမဂ္ဂ လူသားလုံခြုံရေးအဖွဲ့က မွေးစာရင်းထုတ်ပေးမှသာ မြန်မာပြည်ဒီမိုကရေစီရရှိသည့်အခါ မြန်မာနိုင်ငံသားများဖြစ်လာမှာဖြစ်ကြောင်း၊ သို့မဟုတ်ပါက ထိုင်းနိုင်ငံမှာ ဆက်လက်နေထိုင်လျှင် ရောင်းစားခံရမှု၊ ခွဲခြားခံရမှု၊ ဖိနှိပ်မှုနှင့် ညှင်းပမ်းနှိပ်စက်မှုများ ခံစားကြုံတွေ့ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မြန်မာပြည်အနှံ့အပြား တောတောင်ထူထပ်ရာဒေသများတွင် ရွှေ့ပြောင်းနေထိုင်ကြရသည့် ဒုက္ခသည်ကလေးသူငယ်များအရေးနှင့်ပတ်သက်၍ ပြောကြားရာတွင်လည်း အဆိုပါ ကလေးငယ်များမှာ မွေးစာရင်းအတိအကျမရှိမှုကြောင့် ၎င်းတို့ ကြီးပြင်းလာသည့်အခါ နအဖ စစ်တပ်၏ အဓမ္မစစ်သားစုဆောင်းခြင်းကို ကြုံတွေ့နိုင်ကြောင်း ဒေါက်တာစင်သီယာမောင်၏ ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ဒေါက်တာစင်သီယာမောင်သည် ၁၉၈၈ အရေးတော်ပုံကာလအတွင်း ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ခွာလာခဲ့ပြီး ကျန်းမာရေးလုပ်ငန်းများနှင့် လူမှုစောင့်ရှောက်ရေးလုပ်ငန်းများကို ယနေ့တိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာမှချီးမြှင့်သည့် ဆုပေါင်း (၆)ခုကို ရရှိထားသူဖြစ်သည်။ ❖

○ ရှေ့ဖုံးမှ





၁၉၉၈ ခုနှစ်က (၇၈)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပနေစဉ်

လည်သင့်မြတ်ရေးတို့အတွက် ပထမခြေလှမ်းတရပ်အနေဖြင့် နအဖနှင့် NLD တို့ကြား အဓိပ္ပာယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးမှုများ စတင်ရန် လိုအပ်ကြောင်း ဖော်ပြထားပြီး ယခုလို အမျိုးသားအောင်ပွဲနေ့ အခါသမယတွင် ဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေးအကျဉ်းသားအားလုံးတို့အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုကြောင်း သိရသည်။

အခမ်းအနား၌ ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသွားရာတွင်လည်း နိုင်ငံတော်၏ အနာဂတ်ကို ပြောင်းလဲရန် လိုအပ်ကြောင်း၊ ထိုသို့ ပြောင်းလဲနိုင်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း ထောက်ပြသွားပြီး မြန်မာနိုင်ငံနေဖြင့် ကမ္ဘာ့အလည်တွင် ဂုဏ်သိက္ခာရှိရှိ ပြည့်စုံဖွံ့ဖြိုးတိုးတက်ရန်၊ ပညာရေး အခန်းကဏ္ဍ မြင့်မားရန် လိုအပ်သလို ဒီမိုကရေစီနိုင်ငံ တနိုင်ငံဖြစ်မှသာ မြင့်မားသည့် ပညာရေးတရပ် ရရှိနိုင်မှာဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အခမ်းအနားတွင် အမျိုးသားစာပေဆုရှင်များဖြစ်ကြသည့် ကဗျာဆရာကြီး ကိုလေး (အင်းဝဂုဏ်ရည်)နှင့် ကဗျာဆရာ ကြည်အောင်တို့က စာပေရေးရာများ ဟောကြားသွားပြီး တက်ရောက်လာသူ စာနယ်ဇင်းနှင့် သတင်းမီဒီယာသမားများက ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးခဲ့ကြသည်ဟုဆိုသည်။

အလားတူ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို အထက်ဗမာပြည် မန္တလေးတိုင်း၊ မန္တလေးမြို့ တိုင်းစည်းရုံးရေး ခန်းမတွင်လည်း ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ ❖

မိုးကြိုး သတင်းစဉ်
သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။
P.O.Box (91)
Mae Sod, 63110
Tak, Thailand.
binamojo@cscoms.com



## (၁၇) နှစ်မြောက် ဂါရဝ

❍ နှစ်စဉ်နိုဝင်ဘာ၊ ဒီလိုခါရောက်လေတိုင်း
အင်းရေပတ်လည်ဝိုင်း၊ မယ်ဇယ်ပင်ကြီးတွေဆိုင်း
ဒို့တိုင်းပြေတန်တလျား၊ တပည့်သားမြေးများ
သွားရောက်စုဝေးကြ၊ ဂါရဝပြုစမြဲပ။

❍ ဒီလိုချိန်ဒီလိုခါ၊ အခွင့်မသာ လမ်းမသာလို့
တခေါက်တခါမျှမရောက်ဖူး၊ ဦးမချရပေမဲ့
ချောင်တချောင်ကလို့ပဲပြောပြော
အမှောင်ထဲကလို့ပဲဆိုဆို
ကျနော်တို့တတွေဟာ၊ နတ်က’ရာကြည့်မော
အနုမောဒနာခေါ်ရုံ မဟုတ်ပါ။
လူ့ကမ္ဘာနဲ့ ဗမာပြေ
အမေပြုခဲ့တဲ့ဒါနတွေကို
အနုလုံပဋိလုံ၊ ခြုံငုံစဉ်းစား
မုဒိတာပွားကာ ကိုယ်ရှိရာအရပ်ကနေ
တောင်လေးလုံးကျောင်းဆီ
ရော်ရည်မျှော်မှန်း၊ နှလုံးသားမှ တမ်းတရင်း
ထိခြင်းငါးပါးနဲ့၊ ကျနော်များ ကန်တော့ကြပါတယ်။

❍ မနိုင်းကောင်းနှိုင်းကောင်း၊ ပုံခိုင်းကောင်းလို့ ခိုင်းပါမယ်၊
တိုင်းတယ်လို့မထင်စေချင်၊ (ကန်တော့ပါပဲ)
ဘုရားလောင်းပင်လျှင်၊ အမိုကောင်းရှိမှ
ဘုရားအဖြစ်ရောက်ရသလို ....
မော်ကျစ်တို့၊ လီနင်တို့ဟာ
သူတို့အိမ်သားတွေရဲ့
ပါရမီဖြည့်ချက်ကြောင့်သာ
အိမ်တာဝန်တွေစွန့်ပစ်၊ ယုံကြည်ရာကိုဇွတ်နှစ်လို့
ကွန်မြူနစ်ကြီးတွေဖြစ်ခဲ့ကြသလို ....
လူထုတိုက်နဲ့ ဦးလှ ဒေါ်အမာ
မတင်ဝင်းတို့ကိုပါ အမှီပြုလို့
မနည်းလှတဲ့ စာပေအနုပညာသည်တွေ၊
တော်လှန်ရေးသမားတွေ၊ ကျနော်တို့တိုင်းပြေမှာ
ပေါ်ထွန်းလာရတာပ။

❍ စိတ်ချပါအမေ ....
အမေလျှောက်တဲ့လမ်းနဲ့ ကျနော်တို့လှမ်းတဲ့ဘက်
ဆုံချက်တခုမှာ၊ မုချဆုံတွေ့ကြမှာပါ။
အမေဟာစာပေလောကမှာ၊ ဆင်မကြီးတကောင်လို
ထောင်ထောင်–ထောင်ထောင်နဲ့
တောင်မြောက် ပမာမထား၊ ရဲရဲကြီးသွားနိုင်ခဲ့သလို
ကျနော်တို့လဲ၊ ကိုယ့်ဇွဲကိုယ့်မာန်နဲ့
ဆင်တကောင် မဟုတ်သေးတောင်
မြင်းကောင်းတစီးဖြစ်အောင်
ကြိုးစားနေကြပါတယ်အမေ။

**အဝေးရောက်**
**တပည့်သား မြေးများ**
နိုဝင်ဘာ ၂၀ရက်၊ ၂၀၀၂ခုနှစ်။

## သတင်းတိုထွာ

### နိုင်ငံခြားငွေတိုးမြှင့်ရရှိရေးပြည်သူတွေခါးစည်းခံနေရ

ယခုနှစ် ပထမ(၈)လပတ်အတွင်း ဆန်တန်ချိန် (၇)သိန်းကျော် နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ခဲ့၍ နိုင်ငံခြားဆန်တင်ပို့မှုပမာဏ ထက်ဝက်မြင့်တက်လာကြောင်း၊ ဆန်တင်ပို့နိုင်မှုအတွက် နိုင်ငံခြားငွေ ဒေါ်လာသန်း(၉၀)ကျော်ခန့်ရရှိကြောင်း ဒီဇင်ဘာလ(၉)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၀၁–၂၀၀၂ ခုနှစ်အတွက် ဆန်စပါးတန်ချိန် (၂၂)သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပြီး ဆန်တန်ချိန် (၉)သိန်းကျော်ကို နိုင်ငံခြားသို့ တင်ပို့နိုင်ခဲ့သည်ဟု အဆိုပါ သတင်းစာတွင် ဖော်ပြထားသည်။

နအဖက နိုင်ငံခြားငွေရရှိရေးအတွက် ပြည်တွင်းထွက်ကုန်များကို နိုင်ငံခြား တင်ပို့ရောင်းချနေသော်လည်း ပြည်တွင်းမှာမူ ဆန်ဈေးကြီးမြင့်မှုနှင့် ရင်ဆိုင်နေရပြီး ယခုရက်ပိုင်းအတွင်း ဆန်ဈေးနှုန်း ပိုမိုမြင့်တက်လာနေသည်ဟု သိရသည်။ ❖

### ရွှေခမောက်ဖန်တီးရှင် ကိုရွှေမောင်အတွက် အန်အယ်လ်ဒီကအယူခံဝင်မည်

မန္တလေးမြို့ မြို့သစ် ပြည်ကြီးတံခွန် မြရိပ်နန္ဒာရပ်ကွက်တွင် ၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရ အန်အယ်လ်ဒီသင်္ကေတ ရွှေခမောက်ကြီးတခု ပြုလုပ်၍ အန်အယ်လ်ဒီအဖွဲ့ချုပ်ရုံးသို့ ပေးပို့ရန် ကြိုးစားအားထုတ်ခဲ့သူ ထွန်းတုံးရပ်ကွက်နေ ကိုရွှေမောင်အား နအဖ စစ်ထောက်လှမ်းရေးက ပုဒ်မ–၅(ည)ဖြင့် ထောင်ဒဏ်(၃)နှစ် စီရင်ချမှတ်ခဲ့သည်ကို သတင်းများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

ထိုသို့ ဖမ်းဆီးအရေးယူခြင်းခံနေရသူ အန်အယ်လ်ဒီအဖွဲ့ဝင် ကိုရွှေမောင်၏အမှုအတွက် မန္တလေးတိုင်း အန်အယ်လ်ဒီ ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ယူ၍ အယူခံဝင်သွားမည်ဟု သိရသည်။ ကိုရွှေမောင်သည် နိုဝင်ဘာလ(၇)ရက်နေ့က ဖမ်းဆီးခံခဲ့ရပြီး မန္တလေးအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည်။

အလားတူ ဩဂုတ်လအတွင်းက ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဆန္ဒပြခဲ့မှုဖြင့် ထောင်ဒဏ်(၇)နှစ် ချမှတ်ခြင်းခံနေရသူ ဒုတိယနှစ်ဥပဒေကျောင်းသား ကိုခင်မောင်ဝင်းအတွက်လည်း အန်အယ်လ်ဒီ ဥပဒေအကျိုးဆောင်များက အယူခံဝင်သွားမည်ဟု သိရသည်။ ❖

### ဆင်ဖြူတကောင် လာပြန်ချေပြီ

မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ် မေယုတောင်တန်းမှ ဘူးသီးတောင်နှင့် ခြတောင်ကြားတွင် အသက်(၄)နှစ်အရွယ်ရှိ ဆင်ဖြူမလေးတကောင်ကို နောက်ထပ် ဖမ်းဆီးရမိပြန်သည်။ အရပ်(၄)ပေ၊ (၈)လက်မရှိ အဆိုပါဆင်ဖြူမသည် အဖြူရောင်အမွေးအမျှင်၊ အုန်းခွံရောင်အသားအရေ၊ ပုလဲရောင်မျက်လုံး၊ အဖြူရောင်ခြေသည်းလက်သည်းနှင့် အမြီး (၁)ပေခွဲကျော်ရှိသည်ဟု ဆိုသည်။

အဆိုပါဆင်ဖြူမကို ရခိုင်ပြည် စစ်တွေမြို့မှတဆင့် ရန်ကုန်မြို့သို့ ခေါ်ယူသွားပြီဖြစ်ကြောင်း ဒီဇင်ဘာလ(၃)ရက်နေ့တွင် ဘီဘီစီသတင်းဌာနက နေရိဥ္စရာသတင်းကို ကိုးကား၍ ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ယခုဆင်မနှင့်ဆိုလျှင် ဆင်ဖြူသုံးကောင် ရှိသွားပြီဖြစ်သည်။ ❖

### မူးယစ်ဆေးနှင့် ကြိုးပွားလိုသူစစ်ဗိုလ်တဦး စစ်ဆေးခံနေရ

စစ်ကိုင်းတိုင်း ကလေးမြို့နယ်အခြေစိုက် တပ်ရင်းတရင်းမှ ဗိုလ်ကြီးအဆင့်ရှိသူတဦးသည် ဖမ်းဆီးရမိထားသည့် အက်ဖက်တမင်းဆေးမှုန့်များအား ပြန်လည်ရောင်းချရန် စီစဉ်နေကြောင်း သတင်းထွက်ပေါ်လာသဖြင့် စစ်ထောက်လှမ်းရေးအဖွဲ့က စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါ အရာရှိမှာ ခလရ(၂၂၈)မှ ဗိုလ်ကြီးကြည်တင်ဆိုသူဖြစ်ပြီး ၎င်းဦးဆောင်သည့် တပ်ဖွဲ့သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်း ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ သစ်ထုတ်လုပ်ရေး ဆင်စခန်းတခုတွင် တပတ်ကြာ တည်းခို၍ အိန္ဒိယမှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသော မှောင်ခိုကုန်သည်များအား ဖမ်းဆီးငွေညှစ်လေ့ရှိရာ၊ တနေ့တွင် အထမ်းသမား(၂)ဦးထံမှ ကီလိုဂရမ်(၁၀၀)ကျော်ရှိ အက်ဖက်တမင်းဆေးမှုန့်များ ဖမ်းဆီးရမိခဲ့သည်ဟု ဆိုသည်။

ဖမ်းဆီးရမိခဲ့သည့် အဆိုပါ မူးယစ်ဆေးမှုန့်များအား ဗိုလ်ကြီးကြည်တင်က ဆင်စခန်းမှ ဝန်ထမ်းများထံ အပ်နှံထားခဲ့ပြီး တဆင့်ပြန်လည်ရောင်းချခိုင်းရာ၊ ရောင်းချနေစဉ်မှာပင် ရဲအဖွဲ့က လက်ပူးလက်ကြပ် ဖမ်းဆီးမိခဲ့သည်။

ထိုသို့ဖြစ်ပွားမှုကြောင့် အဆိုပါ ဆင်စခန်းသို့ ဒေသခံအာဏာပိုင်များ နိုဝင်ဘာ(၂၁)ရက်နေ့တွင် ရောက်ရှိလာပြီး၊ ဆင်ခေါင်း ဦးခင်ဝင်းနှင့် သစ်တောဝန်ထမ်းများအား စစ်ဆေးမှုများ ပြုလုပ်နေသည်ဟုဆိုသည်။ တာဝန်ရှိသူ ဗိုလ်ကြီးကြည်တင်ကိုလည်း စစ်ထောက်လှမ်းရေးနှင့် မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့တို့က စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ပြည်တွင်းသတင်းများအရ သိရသည်။ ❖

## အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆန်စပါးပျက်စီးခဲ့ရသည့်အပေါ် နအဖက ဖုံးဖိရန် ကြိုးစားသော်လည်း အရာမရောက်ဖြစ်နေ

မြန်မာနိုင်ငံအပါအဝင် ထိုင်းနှင့် လာဩနိုင်ငံတို့တွင် အချိန်အခါမဟုတ်ဘဲ မိုး သည်းထန်စွာ ဆက်တိုက် ရွာသွန်းခဲ့သည့်အတွက် စပါးပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပြီး လာမည့်နှစ်တွင် ဝမ်းစာစပါးထိခိုက်မှုများပင် ရှိလာနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလကုန်ရက်များအတွင်း မြန်မာနိုင်ငံအောက်ပိုင်းဒေသ အနှံ့အပြားတွင် စပါးရိတ်သိမ်းချိန်နှင့် တိုက်၍ အဆက်မပြတ်မိုးသည်းထန်စွာ ရွာသွန်းမှုများရှိခဲ့သည့်အတွက် စပါးဆုံးရှုံးပျက်စီးမှုများ ရှိခဲ့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ဆန်စပါးပြတ်လပ်မှုနှင့် မကြုံတွေ့နိုင်ကြောင်း နအဖ စစ်အုပ်စု၏ အာဘော်ကို ဖော်ပြသည့် မြန်မာ့အလင်းသတင်းစာတွင် သတင်းဆောင်းပါးတပုဒ် ရေးသားဖော်ပြခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် ထိုသို့ရေးသားဖော်ပြသည်မှာ သတင်းလွတ်လပ်ခွင့်မရှိသည့် မြန်မာနိုင်ငံတွင် လက်တွေ့ကြုံဆုံနေရသည့် အခြေအနေနှင့် ကိုက်ညီမှုမရှိကြောင်း နအဖ အနေဖြင့် ပြည်သူလူထု၏ စိုးရိမ်ပူပန်နေမှုကို နှစ်သိမ့်ဖုံးကွယ်ရန် ၎င်းတို့၏ အစဉ်အလာအတိုင်း ကြိုးပမ်းခြင်းသာဖြစ်ရာ ပြည်သူများက ထိုသို့နှစ်သိမ့်ရန် ကြိုးပမ်းမှုကြောင့် ပိုမိုစိုးရိမ်စိတ် ကြီးထွားလာနေကြောင်း ရန်ကုန်မြို့ရှိ ဆန်စပါးလောကမှလာသော သတင်းများနှင့် ပြည်သူများ၏ အဆိုအရ သိရသည်။

နအဖ အာဏာပိုင်များက တအိမ်ထောင်လျှင် ဆန်တပြည်(၃၀၀)ကျပ်နှုန်းနှင့် ယနေ့ပြည်သူလူထု ကြုံတွေ့နေရသည့် ပြဿနာကို ဖြေရှင်းရန်ကြိုးစားနေရချိန်တွင် ဆန်စပါးဈေး အဆမတန်ကြီးမြင့်လာမည်ကို ပြည်သူလူထုက စိုးရိမ်ပူပင်နေကြကြောင်း ဆန်တပြည် ပြင်ပပေါက်ဈေးမှာ ကျပ်(၄၀၀)မှ (၁,၀၀၀)အကြားဖြစ်နေချိန်တွင် နောင်နှစ်အတွက် ပြည်သူတို့ကြုံတွေ့နေရမည့်အရေးမှာ စိတ်မအေးဖွယ်ဖြစ်နေရကြောင်း ပြည်တွင်းသတင်းများအဆိုအရ သိရသည်။

အဆိုပါရက်များအတွင်း ဧရာဝတီတိုင်း ပုသိမ်မြို့တွင် မိုးရေချိန် (၇)လက်မနှုန်း ရွာသွန်းခဲ့ပြီး အလားတူ ပုသိမ်မြို့ အနီးတဝိုက်အခြားမြို့ရွာများတွင်လည်း မိုးသည်းထန်ခဲ့သည့်အတွက် စပါးအလေအလွင့် အဆုံးအရှုံးများပြားခဲ့ကြောင်း ဒေသခံများ၏ ပြောပြချက်များအရ သိရသည်။

❖ ❖ ❖

## အဓမ္မခိုင်းစေမှုများ ဖုံးကွယ်ရန် စစ်အုပ်စုက ပြင်ဆင်မှုများပြုလုပ်နေ

နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ICRC နှင့် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO တို့၏ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများ အကြောင်း စုံစမ်းတွေ့ရှိချက်များကို ဖုံးကွယ်ရန် နအဖ စစ်အုပ်စုက ပြင်ဆင်မှုများ ပြုလုပ်နေလျက်ရှိသည်။

ICRC မှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့သည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တနင်္သာရီတိုင်း ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်များအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းလေ့လာခဲ့ရာ ဘဲညာ၊ ပြည်ကြီးမဏ္ဍိုင်၊ မနောလုံးကျေးရွာတို့မှ ရွာသူရွာသားများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်။ ရွာသားများက နအဖ တပ်ဖွဲ့ဝင်များသည် မိမိတို့ရွာသားများအား ပေါ်တာဆွဲပြီး ထိုင်း–မြန်မာနယ်စပ်ရှိ ချုံချို၊ ကိုးပဲလူ၊ ရတနာပုံ စသည့်တပ်စခန်းများသို့ စစ်လက်နက်ပစ္စည်းများနှင့် ရိက္ခာများကို ပို့ခိုင်းခဲ့ကြောင်း ICRC အဖွဲ့ကို ပြောပြခဲ့သည်ဟု ဆိုသည်။

ထိုသို့ ပြောကြားခဲ့သည်ကို နအဖ ထောက်လှမ်းရေးများက သိရှိသွားခဲ့ပြီး အဆိုပါ (၃) ရွာမှ ရယကဥက္ကဋ္ဌများကိုခေါ်၍ လုပ်အားပေး ခိုင်းစေခြင်းခံခဲ့ရသည့် ရွာသားများအား တနေ့လျှင် ကျပ်ငွေ (၂၀၀)နှုန်းနှင့် ငွေလက်ခံရရှိပြီးဖြစ်ကြောင်း ဖြတ်ပိုင်းပုံစံတခုတွင် လက်မှတ်ရေးထိုးခိုင်းရန် ကြိုတင်ကြံစည်ခဲ့ကြသည်။ အဆိုပါ ဖြတ်ပိုင်းများကို မိတ္တူနှစ်စောင်ရရှိပြီး သက်ဆိုင်ရာ ကျေးရွာ ရယကရုံးတွင်တစောင်၊ ပေါ်တာဆင့်ခေါ်သည့် တပ်ရင်းရုံးတွင်တစောင် လက်ခံထားရမည်ဟု ဆိုသည်။

❖ ❖ ❖

## နအဖက ထောင်အသစ်တွေဆောက် အဟောင်းတွေချဲ့ဦးမည်တဲ့

မြန်မာနိုင်ငံတဝှမ်းလုံး အကျဉ်းထောင်များ အနှံ့အပြား တည်ဆောက်ထားရုံနှင့် အားမရ၊ ယခုတိုင်လည်း နအဖ စစ်အုပ်စုက ထောင်အသစ်များ ထပ်မံတည်ဆောက်ပြီး ထောင်အဟောင်းများကိုလည်း တိုးချဲ့ရန် ညွှန်ကြားထားကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၏ ညွှန်ကြားချက်အရ အဆိုပါ တိုးချဲ့ဆောက်လုပ်မည့် အကျဉ်းထောင်သစ်များကို လာမည့်နှစ် မတ်လအတွင်း အပြီးအစီး တည်ဆောက်သွားရမည်ဖြစ်ပြီး စစ်ကိုင်းတိုင်း ခန္တီးအကျဉ်းထောင်နှင့် ရခိုင်ပြည်နယ် အတွင်းရှိ ဘူးသီးတောင် အကျဉ်းထောင်များတွင် အချုပ်ဆောင်နှင့် ဝန်ထမ်းဆောင်များ တိုးချဲ့ဆောက်လုပ်နေသည်ဟု သိရသည်။

အလားတူ မြန်မာနိုင်ငံ အနှံ့အပြားရှိ အခြားအကျဉ်းထောင်များတွင်လည်း သတ်မှတ်ချိန်ကာလအတွင်း အမြန်ဆုံးပြီးစီးအောင် တိုးချဲ့ဆောက်လုပ်မှုများ ဆောင်ရွက်နေကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်ထိ အကျဉ်းထောင်ပေါင်း (၃၈) ထောင် ရှိပြီးဖြစ်သည်။ ❖

## ရက်စက်စွာ ခိုင်းစေမှုများကြောင့် အကျဉ်းသားပေါ်တာ (၂၆) ဦး သေဆုံး

မြန်မာနိုင်ငံတွင် လုပ်အားပေး ခိုင်းစေမှုများ မရှိတော့ကြောင်း စစ်အုပ်စုက တွင်တွင်ငြင်းဆိုနေချိန်မှာပင် ရှေ့တန်း စစ်ကြောင်းများအတွင်း ရဲဘက်လုပ်အားပေး ပေါ်တာများ အများအပြား သေဆုံးနေကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း ထားဝယ်အကျဉ်းထောင်မှ စစ်ဆင်ရေး ဝန်ဆောင်တပ်သားခေါ် ရဲဘက်အကျဉ်းသား (၅၀၀)ကို ထားဝယ်အခြေစိုက် စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် အမှတ်(၈)က ရှေ့တန်းစစ်ကြောင်းများအတွင်း ခိုင်းစေရန် ခေါ်ယူသွားခဲ့ရာ ၎င်းတို့အနက် (၂၆)ဦးမှာ ပင်ပန်းဆင်းရဲ နှိပ်စက်မှုများကြောင့် သေဆုံးခဲ့ရပြီး၊ အကျဉ်းသား (၂၀၀)ကျော်တို့မှာ ထွက်ပြေးသွားကြသဖြင့် အကျဉ်းသား (၂၀၀) ကျော်သာ ကျန်ရှိတော့ကြောင်း သိရသည်။

သေဆုံးသွားသူ (၂၆)ဦးအနက် နောက်ဆုံးသေဆုံးရသူမှာ ထောင်ဝင်အမှတ် ၁၄၂၃ (င) ကိုမောင်လွင်ဖြစ်ပြီး နိုဝင်ဘာ (၃၀)ရက်နေ့က တပ်က ထွက်ပြေးသည့်အတွက် ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။ ကိုမောင်လွင်ကို တနင်္သာရီမြစ် နံဘေးရှိ အောင်သာဝရ ကျေးရွာအနီးတွင် ခမရ(၄၀၇)က ပစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုသို့ စစ်ဆင်ရေး ဝန်ဆောင်တပ်သား ရဲဘက်ပေါ်တာများ သေဆုံးထွက်ပြေးမှုများ ပြားနေသည့်အတွက် နောက်ထပ် ဝန်ဆောင်တပ်သားသစ်များ ပို့ပေးရန် စကခ(၈)က အကျဉ်းဦးစီးဌာနတွင် တောင်းဆိုထားကြောင်း၊ ထွက်ပြေးလာသူ ပေါ်တာများ အဆိုအရ သိရသည်။

❖ ❖ ❖

# တိုက်ပွဲ သတင်းများ



**ဘားအံခရိုင်**

၂၀၊ ၁၁၊ ၂၀၀၂ ရက်နေ့တွင် ကေအဲန်ယူတပ်ရင်း(၁၉)နှင့် နအဖ–ဒီကေဘီအေ ပူးပေါင်းတပ်ဖွဲ့တို့ ဒုံရင်းမြို့နယ် ဝဲကရေရွာအနီးတွင် မိနစ်(၄၀)အကြာခန့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေဘက်မှ (၁)ဦး သေဆုံးခဲ့ပြီး၊ (၂)ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

၂၅၊ ၁၁၊ ၂၀၀၂ ရက်နေ့တွင် ကေအဲန်ယူတပ်မဟာ(၇)နှင့် ဒီကေဘီအေတပ်ဖွဲ့တို့ ထီးမယ်ကရောကျေးရွာဝန်းကျင်၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေဘက်မှ (၁)ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

၂၇၊ ၁၁၊ ၂၀၀၂ ရက်နေ့တွင် မိမိတို့တပ်ရင်း(၂၁–၂၂) ပူးပေါင်းတပ်ဖွဲ့နှင့် ဒီကေဘီအေ(၉၉၉)၊ တပ်ရင်း(၃)တို့ တာကရယ်ကျေးရွာအနီး၌ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေဘက်မှ (၁)ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ထိုတနေ့တည်း၌ပင် မိမိတို့တပ်ဖွဲ့နှင့် ဒီကေဘီအေတို့ ကဒါးထပ်ကျေးရွာတွင် မိနစ်(၃၀)နီးပါး တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူ့ထံမှ လက်ပစ်ဗုံးတလုံး သိမ်းဆည်းရမိခဲ့သည်။

၁၊ ၁၂၊ ၂၀၀၂ ရက်နေ့တွင် ရန်သူနအဖ တပ်နှင့် မိမိတို့သည် ခပ်တရက်မြစ်ချောင်းနံဘေး၌ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူဘက်မှ ကျဆုံးစာရင်း မသိခဲ့ရပါ။ မိမိတို့ဘက်မှ ထိခိုက်ဒဏ်ရာ ရရှိသူမရှိကြောင်း သိရသည်။

၆၊ ၁၂၊ ၂၀၀၂ ရက်နေ့တွင် ကေအဲန်ယူတပ်ရင်း(၁၀၁)နှင့် ရန်သူ နအဖ တပ်တို့ နံနက်(၇း၃၀)နာရီအချိန်တွင် အလယ်ဗိုလ်တဲအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ ကျဆုံးစာရင်း မသိရသော်လည်း ရန်သူ့ထံမှ သေနတ်တစ်လက် ရရှိခဲ့သည်။ ထိုတနေ့တည်း၌ မွန်းတည့်(၁၂း၀၀)နာရီဝန်းကျင်အချိန်၌ ထပ်မံတိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူ ခမရ(၂၀၃)မှ တပ်ကြပ်တဦးသေဆုံးပြီး တပ်သား(၂)ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၇၊ ၁၂၊ ၂၀၀၂ ရက်နေ့ နံနက်(၁၀း၀၅)နာရီအချိန်တွင် မိမိတို့တပ်ခွဲ(၁)နှင့် ဒီကေဘီအေအဖွဲ့တို့ အလယ်ဘိုတဲအောက်ပိုင်း၌ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ ဒီကေဘီအေဘက်မှ ကား(၁)စင်း ဆုံးရှုံးကာ လူ(၇)ဦး သေဆုံးပြီး (၄)ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၉၊ ၁၂၊ ၂၀၀၂ ရက်နေ့တွင် ကေအဲန်ယူတပ်ရင်း(၁၉)နှင့် ဒီကေဘီအေ(၉၉၉) တပ်ခွဲ(၃)တို့သည် နံနက်(၇း၁၅)နာရီအချိန်၌ ပတပ်ကျေးရွာအနီး၌ မိနစ်(၃၀)ကျော်အကြာ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်ဟု သိရသည်။ ထိုတနေ့တည်းအတွင်း လယ်ရီကျေးရွာ ဘုန်းကြီးကျောင်းဝန်းကျင်၌ ထပ်မံတွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ပြန်သည်။ ထိုတိုက်ပွဲနှစ်ပွဲစလုံး၌ ရန်သူ (၅)ဦး ဒဏ်ရာရရှိခဲ့ပြီး ရွာသား(၂)ဦး ဒဏ်ရာရရှိခဲ့သည်။ ရန်သူ့ဆီမှ အီကွေ့မင့်တစုံ၊ အေကေမဂ္ဂဇင်း(၆)ကပ်၊ အေကေကျည်(၆၀)တောင့် ရရှိခဲ့ကြောင်း သိရသည်။

★ နောက်ကျောဖုံးမှ

ဒီဗမာပြည် စစ်အာဏာရှင်စနစ်အတွက် သူ့မှာတာဝန်အကြီးဆုံးဖြစ်တယ်။ အဓိကအားဖြင့် သူ့ကိုသာ အပြစ်တင်ရမယ်။ သူ့ကြောင့် ဗမာပြည်ကြီးဟာ အဆင်းရဲဆုံးနိုင်ငံဘဝကို ရောက်ခဲ့ရတယ်။ ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ရတယ်။ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့ တပ်မတော်ဟာ လွတ်လပ်ရေးရအောင် တိုက်ပေးခဲ့တယ်။ ဒါကြောင့် တပ်မတော်ဟာ အာဏာသိမ်းတပ်မတော်အဖြစ် ဆက်လက်မရပ်တည်တော့ဘဲ မူလအစဉ်အလာအတိုင်း လွတ်လပ်ရေးကို ကာကွယ်တဲ့ တပ်မတော်သာဖြစ်သင့်ပါတယ်။ အဲဒီတော့ ....

ဘီဘီစီ– သူဟာ နှစ်ပေါင်း(၄၀)လောက် အာဏာကြီးစိုးပြီးနေနိုင်အောင် သူ့မှာ ဘာကောင်းချက်များ ရှိလို့လဲ။ လူတွေကို ဒီလောက်တောင် လူတွေကို စည်းရုံးပြီးတော့ သူ့ဘက်ကိုပါအောင် လုပ်ထားနိုင်တာလဲ။

ဇော– သူက ရဲဘော်သုံးကျိပ်ဆိုတဲ့နာမည်နဲ့ အဲဒါ သူစားသွားတာပဲ။ နောက်ထပ်မှာက ဗိုလ်ချုပ်အောင်ဆန်းမရှိတော့ ဒုတိယက ဗိုလ်လက်ျာ၊ အဲဒါကို အားလုံးဆိုရှယ်လစ်ကပါ ဖြုတ်ချလိုက်တော့ အဲဒါသူတက်လာပြီးတော့ သူဟာ တပ်ရဲ့ အကြီးအကဲဖြစ်လာတာပါ။ အဲဒီကနေပြီးတော့ စားတာပဲ။

ဘီဘီစီ– အခုနောက်ဆုံးမှာ သူကွယ်လွန်ခါနီးမှာ သူ့ရဲ့မိသားစုတွေဟာ အခုလက်ရှိစစ်အစိုးရရဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ တရားစွဲဆိုခြင်းတွေ ခံရတယ်။ ဒီကိစ္စနဲ့ပတ်သတ်ပြီး သူ ဘယ်လို နောင်တရသွားလိမ့်မယ် ထင်ပါသလဲ။

ဇော– သူကတော့ နောင်တရမယ့်လူစားမျိုး မဟုတ်ဘူးဗျ။ သူက သူ့ဘဝ သူထင်သလို ကြိုက်သလို ပျော်ပျော်ပါးပါးကြီးနေသွားဖို့ပဲ အဓိကထားတယ်။

ဘီဘီစီ– အဲဒီစစ်ပညာ အတူသင်ကြတုန်းကတော့ စာသင်ဘက်သူငယ်ချင်းတွေအနေနဲ့ ဘဘတို့ဟာ မိတ်ဆွေအပေါင်းအသင်းတွေအနေနဲ့ ချစ်ချစ်ခင်ခင်ရှိကြပါသလား။

ဇော– သူ့ကိုတော့ နောက်ပိုင်း ကျနော်သိပ်မုန်းတာပေါ့။ တိုင်းပြည်အန္တရာယ်ကြီးပဲ။

# မွန်ပြည်နယ် နှင့် ကရင်ပြည်နယ်များ၌ ရေကြီးပြီးစပါးပျက် ဒုက္ခကြားမှတောင်သူလယ်သမားများတာဝန်ကျေစပါးပေးရဦးမည်

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ငါးရက်ဆက်၍ ညစဉ် မိုးရွာသွန်းခဲ့သောကြောင့် ရိတ်သိမ်းပြီးသား ကောက်လှိုင်းများနှင့် လယ်ဧပေါင်း သောင်းချီ၍ ပျက်စီးခဲ့ရသည့်အတွက် ဒေသခံလယ်သမားများအနေဖြင့် သက်ဆိုင်ရာသို့ တာဝန်ကျေစပါး ပေးသွင်းနိုင်ရေး အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

နိုဝင်ဘာ(၂၅)ရက်နေ့မှ (၂၉)ရက်နေ့အထိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အနှံ့ အပြားဒေသများတွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် လယ်ကွင်းပြင်တွင် နေလှမ်းထားသော ကောက်လှိုင်းများ ရေမြုပ်ကုန်ပြီး အချို့မှာ အပင်ပေါက်လာသည်အထိ ပျက်စီးသွားသည်ဟု ဆိုသည်။

မွန်ပြည်နယ် (၁၀)မြို့နယ်ခန့်နှင့် ကရင်ပြည်နယ် မြို့နယ်ကျေးရွာတိုင်းနီးပါးမျှ လယ်ဧကပေါင်း သောင်းကျော် ပျက်စီးသွားခဲ့ရာ စပါးများလည်း ရေမြုပ်ခံရ၍ ဆန်စျေး ပြန်လည်တက်လာကြောင်း၊ ယခင် ဆန်တတင်း လေးထောင်ကျော်စျေးရှိရာမှ နေ့ချင်း ငါးထောင်ကျော် စျေးပေါက်သွားပြီးဖြစ်ကြောင်း ဒေသခံတို့အဆိုအရ သိရသည်။

သို့ရာတွင် စပါးများ မည်မျှပျက်စီးသည်ဖြစ်စေ ဒေသခံလယ်သမားများအနေဖြင့် အစိုးရစပါးဒိုင်တွင် တာဝန်ကျေစပါး မရောင်းမနေရ အမိန့်ထုတ်ထားပြီး တဧက စပါး(၁၀)တင်းမှ ဆယ့်ငါးတင်းအထိ ကောက်ခံနေရာ မပေးသွင်းနိုင်လျှင် လယ်ယာမြေများ သိမ်းယူခြင်း၊ ဖမ်းစီးချုပ်နှောင်ခြင်းများပြုလုပ်မည်ဖြစ်သဖြင့် ဒေသခံလယ်သမားတို့မှာ ပြင်ပစပါးတတင်းလျှင် (၂,၅၀၀)ကျပ်နှုန်းဖြင့် ဝယ်ယူပြီး အစိုးရစပါးဒိုင်များသို့ (၃၅၀)ကျပ်နှုန်းဖြင့် အရှုံးခံပေးသွင်းနေကြရကြောင်း သိရသည်။

# လူ့အခွင့်အရေးချိုးဖောက်ခံရမှု သတင်းများ

**မွန်ပြည်နယ်**

မွန်ပြည်နယ် မုဒုံမြို့နယ် အဗစ်လမ်းဝနှင့် ကလော့သော့အဝင် ကားလမ်းအရှေ့ဘက်ခြမ်းရှိ လူထုပိုင် ရော်ဘာခြံများကို မုဒုံမြို့ သစ်တောဦးစီးမှူးက ကန့်သတ်ကြိုးဝိုင်း သစ်တောအတွင်း ကျူးကျော်စိုက်ပျိုးထားသည်ဟု ဆိုပြီး ၎င်းရော်ဘာခြံပိုင်ရှင်များအား တဧကလျှင် ဒဏ်ငွေ(၇,၀၀၀)ကျပ်နှုန်းဖြင့် နိုဝင်ဘာလ ဒုတိယနှင့် တတိယအပတ်အတွင်းက အဓမ္မ ကောက်ယူခဲ့ကြောင်းသိရသည်။ ထိုကဲ့သို့ အဓမ္မဒဏ်ငွေတပ်ကောက်ယူခြင်းမျိုးကို သစ်တောဦးစီးမှူးအသစ် ပြောင်းတိုင်း ပြုလုပ်နေကျဖြစ်ပြီး ယခုအကြိမ်နှင့်ဆိုလျှင် (၃) ကြိမ်မြောက်ရှိပြီဟု ဒေသခံခြံပိုင်ရှင်များထံမှ ကြားသိရသည်။

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း ယခုနှစ် စပါးစိုက်ပျိုးချိန်ကာလများက သက်ဆိုင်ရာ ဒေသအာဏာပိုင်တို့သည် တောင်သူလယ်သမားများအား လယ်မြေတဧကအတွက် စပါး(၁၅)တင်း ရောင်းချပေးရန်၊ စပါးတတင်းအတွက် ငွေ(၃၅၀)ကျပ်နှုန်း ထုတ်ပေးပြီး စာချုပ်ချုပ်ဆိုထားခဲ့သည်။ သို့သော် ယခုနှစ် စပါးပေါ်ချိန်၌ တဧကလျှင် နောက်ထပ် တတင်း ပိုပြီးရောင်းချပေးရန် အကြပ်ကိုင်လုပ်ဆောင်နေကြောင်း သိရသည်။ လွန်ခဲ့သောနှစ် စပါးပေါ်ချိန်က မွန်ပြည်နယ်အတွင်း၌ စပါးတတင်းလျှင် (၁,၂၀၀)ကျပ်နှုန်းဖြစ်ခဲ့ပြီး နှစ်လည် စက်တင်ဘာနှင့် နိုဝင်ဘာလများတွင် တတင်းလျှင်(၂,၅၀၀)ကျပ်အထိ မြင့်တက်နေကြောင်း သိရသည်။ ထိုဒေသအတွင်းရှိ တောင်သူလယ်သမားတို့မှာ ထုတ်ပေးသော ပင်ထောင်စပါးဖိုးငွေကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ စပါးပေါ်ချိန်တွင် သတ်မှတ်ထားသည့်စျေးနှုန်းအတိုင်း အရှုံးခံ ရောင်းပေးရမည်ဖြစ်၍ ဆုပ်လည်းစူး၊ စားလည်းရူး အခြေအနေမျိုးနှင့် ကြုံတွေ့နေကြရကြောင်း သိရသည်။

**ကရင်ပြည်နယ်**

မူးတရောခရိုင် လွယ်လိုးမြို့နယ်ရှိ နအဖနှင့် ဒီကေဘီအေပူးတွဲအဖွဲ့မှ စကခ(၁)မှူး ခင်ကြူနှင့် ဒီကေဘီအေမှတာဝန်ခံနှစ်ဦးဖြစ်သူ ဖားသူးနှင့် လှမောင်တို့သည် နိုဝင်ဘာလ(၇)ရက်နေ့က ဖာပွန်ခရိုင်ရှိ ကျေးနယ်လူကြီးများအား ခေါ်ယူခဲ့ပြီး နန်းကိုခီး၊ မူးတရော၊ မယ်ကလောထတို့မှ ကျေးရွာသူကြီးများအား ၎င်းတို့ ယွန်းစလင်းချောင်းတလျှောက် သွားလာလှုပ်ရှားစဉ်အတွင်း မိုင်းဗုံးများ ပေါက်ကွဲခြင်း၊ တိုက်ပွဲဖြစ်ပွားခြင်းများ မရှိစေရန် တာဝန်ယူရမည်ဟု ဆိုသည်။ အကယ်၍ ထိုကိစ္စများဖြစ်ပွားခဲ့ပါက အဆိုပါကျေးရွာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထိုအမိန့်ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိပါက ကျေးရွာများ အဓမ္မပြောင်းမည်ဟုဆိုသဖြင့် ကျေးရွာသားတို့မှာ ရွာတွင်းမနေဝံ့ကြတော့ဘဲ နီးစပ်ရာ တောတောင်များထဲ ဝင်ရောက်တိမ်းရှောင်ခိုအောင်းနေကြရသည်။

၎င်းကျေးရွာသားများမှာ မိမိတို့၏ အိုးအိမ်၊ ခြံမြေနှင့်လယ်ယာလုပ်ငန်းများသို့ ယခုစပါးရိတ်သိမ်းချိန်ကာလတိုင်အောင် ပြန်လည်နေထိုင်လုပ်ကိုင်ခွင့် မရှိသေးကြောင်း သိရသည်။ ထို့အပြင် နိုဝင်ဘာလ(၆)ရက်နေ့က နအဖ စစ်ကားတစီးအား ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့(KNLA)မှ တိုက်ခိုက်ခဲ့သည်ဆို၍ ခလရ(၉၁)တပ်မှူး အောင်သန်းက မယ်တောကျေးနယ်အုပ်စုအား ကျပ်ငွေ(၅)သိန်းနှင့် ပုလဲကျေးနယ်အုပ်စုအား ကျပ်ငွေ(၅)သိန်းတို့ကို နိုဝင်ဘာအတွင်း အသီးသီးပေးဆောင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ထိုငွေများအား ပေးဆောင်နိုင်ခြင်းမရှိသော တာတအူးတောကျေးနယ်မှ ရွာသူရွာသားများမှာ အဓမ္မ ကျေးရွာရွှေ့ပြောင်းခြင်း ခံခဲ့ရသည်။

**ဒူးပလာယာခရိုင်၊ ကရင်ပြည်နယ်**

၂၁–၁၁–၂၀၀၂ ရက်နေ့တွင် နအဖ တပ်မ (၈၈) လက်အောက်ခံ၊ ခမရ (၄၁၅) တပ်ရင်းမှ စစ်ကြောင်း (၁)မှူး ညွန့်အေးဦးစီးတပ်ဖွဲ့သည် ကြာအင်းမြို့နယ်၊ ဖောနဲမူးကျေးရွာမှ ကျေးရွာသူ (၄)ဦးဖြစ်သော နော်ဒါးဝါး၊ နော်ရိုးနာ (၄၆)နှစ်၊ တာပေါ်မူ (၄၂)နှစ်၊ နော်ကပရဖော (၄၀)နှစ်တို့အား အထမ်းသမား ပေါ်တာများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိပါသည်။

၂၂–၁၁–၂၀၀၂ ရက်နေ့တွင် နအဖ ခမရ (၄၁၅) တပ်ရင်းမှူး ညွန့်အေးဦးစီးတပ်ဖွဲ့သည် ကြာအင်းမြို့နယ် ပဒဲပဒေါ ကျေးရွာမှ ကော်လာစိုး (၆၀)နှစ်၊ စောပဲထေ (၂၀)နှစ်၊ စောအဲဆဲ (၅၃) နှစ်၊ စောသဲနာ့ (၄၈)နှစ်၊ စောပီထူး (၄၀)နှစ်၊ စောဒါးခူး (၂၂)နှစ်တို့အား ပဒဲပဒေါ ရွာ၌ရှိစဉ် နအဖ တပ်ဖွဲ့ဝင်များမှ နော်လေးခို့၊ ကော်ပလာဖိုး၊ စောအဲဆဲ၊ နော်ဆာဖိုးကု၊ စောအာလူးတို့၏ အိမ်များမှ ကြက် (၃)ကောင်၊ ဘဲ (၉)ကောင်၊ ကြက်ဥ (၃၂)လုံးတို့ကိုလည်း အတင်းအဓမ္မ သိမ်းယူသွားကြောင်း သတင်းရရှိပါသည်။

၂၇–၁၁–၂၀၀၂ ရက်နေ့တွင် (နအဖ) ခမရ (၄၁၅) တပ်ရင်းမှ စစ်ကြောင်း(၁)မှူး ညွန့်အေးဦးစီးတပ်ဖွဲ့သည် ကြာအင်းမြို့နယ်၊ တီးကျော်ကျေကျေးရွာသို့ ရောက်ရှိချိန် ရွာမှ ဆန် (၁)ပုံးနှင့် ကြက်တကောင်အား အတင်းအဓမ္မ ယူငင်စားသောက်ခြင်း၊ စောကြာစိန်မင်း (၃၀)နှစ် တီးကျော်ကေ်ရွာသား၊ ဖားအောကော် (၃၄)နှစ် ခေါခယ်ရွာသား၊ စောဖောခူး (၂၅)နှစ် ယာကုလားရွာသား စောတင်ဝင်း (၄၀)နှစ် ယာကုလားရွာသားတို့အား အထမ်းသမား ပေါ်တာများအဖြစ် ခေါ်ဆောင်သွားကြောင်း သတင်းရရှိသည်။

၂၈–၁၁–၂၀၀၂ ရက်နေ့တွင် နအဖ ခမရ (၄၁၅)တပ်ရင်းမှ ဘုရားငုတ်တို တပ်စခန်းတွင် စခန်းထိုင်သော စခန်းမှူး ဇော်မင်းထွန်းမှ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ ကျေးရွာများဖြစ်သော မန်းရွာ၊ ဆင်ခေါင်းရွာ၊ ဆီဆုံကျေးရွာများမှ တရွာလျှင် ဝါးအလုံး (၂၀၀)စီနှင့် ကဆော့ရွာ၊ ကြုံစိန်ကျေးရွာတို့မှ လုံးပတ် (၁၈)လက်မ၊ အရှည် (၈) တောင်ရှိသော သစ်ပိုင်း (၁၀၀)ပိုင်းစီတို့အား ဘုရားငုတ်တိုတပ်စခန်းသို့ တပတ်အတွင်း ပေးပို့ရန် ညွှန်ကြားထားကြောင်း သတင်းရရှိပါသည်။

❖ ❖ ❖

# ၂၀၀၂ ခုနှစ် ရာမွန်မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်အား ဂုဏ်ပြုပွဲကျင်းပပြုလုပ်

ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ မြန်မာတိုင်းရင်းသား မြန်မာဒုက္ခသည်များ ရင်ဆိုင်ကြုံတွေ့နေရသည့် စားဝတ်နေရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့်အခြား လူမှုရေးဆိုင်ရာအခက်အခဲများသာမက စစ်ပွဲအတွင်း ထိခိုက်ဒဏ်ရာရရှိမှုများကို နှစ်ပေါင်းများစွာ မနားမနေ တာဝန်ယူပြုစုစောင့်ရှောက်ပေးနေသူ၊ ၂၀၀၂ ခုနှစ် ရာမွန်မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်အား ဂုဏ်ပြုပွဲအခမ်းအနားတရပ်ကို ဒီဇင်ဘာလ(၇)ရက်စနေနေ့က ထိုင်းနိုင်ငံ မဲဆောက်မြို့ မယ်တော်ဆေးခန်းတွင် ကျင်းပပြုလုပ်ခဲ့သည်။



**မက်ဆေးဆေးဆုရှင် ဒေါက်တာစင်သီယာမောင်နှင့် ထိုင်းတာဝန်ရှိသူများ**
**<u>အခမ်းအနားအပြီး ချစ်ကြည်ရင်းနှီးစွာ တွေ့ရစဉ်</u>**

အဆိုပါဆုကို ဖိလစ်ပိုင်နိုင်ငံအခြေစိုက် ရာမွန်မက်ဆေးဆေးဖောင်ဒေးရှင်းက နှစ်စဉ်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် ဒေါက်တာစင်သီယာမောင်အပါအဝင် ဆုရရှိသူ(၆)ဦးရှိခဲ့ပြီး ဆုရှင်အသီးသီးအတွက် အမေရိကန်ဒေါ်လာ(၅)သောင်း ချီးမြှင့်ခဲ့သည်ဟုဆိုသည်။

အခမ်းအနားအစတွင် ရာမွန်မက်ဆေးဆေးဖောင်ဒေးရှင်းမှ အဖွဲ့ဝင်ဖြစ်သူ ဖိလစ်ပိုင်နိုင်ငံသား Dr. Jerry Ramos က မက်ဆေးဆေးဆုဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားသွားခဲ့ပြီး၊ အခမ်းအနားကို ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးဆရာတော် Phra Thavorn Chantasaroe က ဂုဏ်ပြုပွဲ ပြုလုပ်ကျင်းပရသည့်အကြောင်းကို မိန့်မြွက်ဟောကြားသွားခဲ့သည်။

ထို့နောက် မဲဆောက်မြို့နယ် ဦးစီးမှူး Mr. Samart Loifar နှင့် မဲဆောက်ဆေးရုံအုပ်ကြီး Dr. Kanoknart Plsuttakoon တို့က ဒေါက်တာစင်သီယာမောင်၏ စွမ်းဆောင်ကြိုးပမ်းမှုများနှင့်ပတ်သက်၍ ချီးမွမ်းထောပနာဂုဏ်ပြုစကားများ ပြောကြားခဲ့ကြပြီး နယ်စပ်ကျန်းမာရေးဝန်ထမ်းများကိုယ်စား ဒေါက်တာဝင်းမြင့်သန်းနှင့် ကရင်အမျိုးသားများကိုယ်စား နော်လေးဒီယာတာမလာဝါးတို့မှ ဂုဏ်ပြုကျေးဇူးတင်စကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဂုဏ်ပြုပွဲသို့ ပေးပို့လာသည့် အဖွဲ့အစည်းအသီးသီးတို့၏ သဝဏ်လွှာများကို အခမ်းအနားမှူးက တက်ရောက်လာသူများအား ဖတ်ကြားပြသခဲ့သည်။

အခမ်းအနားတွင် ဒေါက်တာစင်သီယာမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ရာ မက်ဆေးဆေးဆုသည် လူသားတွေ၏ ဘဝသာယာငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သူအားလုံး၏ ဂုဏ်သိက္ခာကို လေးစားချီးမြှင့်မှုဖြစ်ကြောင်း၊ ယနေ့ မိမိတို့တွင် မတူကွဲပြားခြားနားသည့်အခြေအနေမျိုးရှိနေကြသော်လည်း လူသားတို့၏ ဂုဏ်သိက္ခာကို လေးစားသည့်နေရာတွင် အားလုံးတူညီကြကြောင်း၊ ထို့အတွက် မိမိတို့အနေဖြင့် စွန့်လွှတ်အနစ်နာခံမှုများနှင့် စုပေါင်းတာဝန်ယူမှုများ အများအပြား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံး တည်ဆောက်ခဲ့ကြသည့် ချစ်ကြည်ရင်းနှီးမှုများသည် မျိုးဆက်တွေတိုင်း ခိုင်မြဲပြီး သာယာလှပသည့် အနာဂတ်ကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

ထိုအခမ်းအနားတွင် ဒေါက်တာစင်သီယာမောင်ရရှိခဲ့သော နိုင်ငံတကာဆုများနှင့် ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းတင် ဓာတ်ပုံပြပွဲတခုကိုလည်း ခင်းကျင်းပြသခဲ့သည်။

ထို့နောက် မယ်တော်ဆေးခန်းတွင် ကျန်းမာရေးသင်တန်း တက်ရောက်နေကြသူ ကျောင်းသားကျောင်းသူများ၏ တိုင်းရင်းသားရိုးရာဝတ်စုံပြပွဲ၊ ကရင်တိုင်းရင်းသားရိုးရာ

စာမျက်နှာ(၄)၊ ကော်လံ(၅)သို့ ●







# အာဏာရှင်ကြီး ဦးနေဝင်း နောက်ဆုံးခရီး သာမန်အဆင့်နှင့်သာ ဇာတ်သိမ်းလိုက်ရ



ဒီဇင်ဘာ(၅)ရက်၊ ရန်ကုန်

အာရှတိုက်၏ စပါးကျီဟု တင်စား သတ်မှတ်ခြင်းခံခဲ့ရသည့် မြန်မာနိုင်ငံကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်စေခဲ့သူ၊ ပြည်သူ့ဆန္ဒအရ ရွေးချယ်တင်မြှောက်ခဲ့သည့် အရပ်သားအစိုးရထံမှ လက်နက်အားကိုးဖြင့် အာဏာသိမ်းယူ၍ တိုင်းပြည်ကို ဓားမိုး၍ အုပ်ချုပ်ချယ်လှယ်ခဲ့သူ၊ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးဟောင်း ဦးနေဝင်းသည် ဒီဇင်ဘာလ(၅)ရက် ကြာသပတေးနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားကန်နံဘေးရှိ မေခလမ်းနေအိမ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဗမာ့တပ်မတော်ကို တည်ထောင်ခဲ့သူ ဒုတိယဖခင်ကြီးအဖြစ် ၎င်းကိုယ်၎င်း ခံယူပြီး ဗမာ့တပ်မတော်အပေါ် ဩဇာကြီးမားရေး တည်ထောင်ခဲ့သူ ဦးနေဝင်းကို ယခုနှစ် မတ်လဆန်းပိုင်းက ၎င်း၏ သားမက် ဦးအေးဇော်ဝင်းနှင့် မြေးသုံးယောက်တို့၏ နိုင်ငံတော်အာဏာသိမ်းယူရန် ကြံစည်မှုနောက်ကွယ်တွင် ပါဝင်သူအဖြစ် ယူဆ၍ နအဖ စစ်အုပ်စုက သမီးဖြစ်သူ ဒေါက်တာ ဒေါ်ခင်စန္ဒာဝင်းနှင့် အတူ နေအိမ်တွင် အကျယ်ချုပ် ထိန်းသိမ်းထားစဉ် ယခုလို ကွယ်လွန်သွားခြင်းဖြစ်သည်။

ဦးနေဝင်းသည် ၁၉၄၀ ခုနှစ်လွန်နောက်ပိုင်း မြန်မာနိုင်ငံကို ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြစဉ်က ရဲဘော်သုံးကျိပ်ဝင်တဦးအဖြစ် ပါဝင်ခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ၁၉၆၂ ခုနှစ်တွင် အရပ်သားအစိုးရလက်မှ နိုင်ငံတော်အာဏာအား စစ်တပ်ကို အသုံးချ၍ အကြမ်းဖက်လုယူခဲ့သည်။ ထို့နောက်ပိုင်း မြန်မာပြည်တွင် စစ်အာဏာရှင်စနစ် ကျင့်သုံးကာ တိုင်းပြည်ကို တင်းတင်းကျပ်ကျပ် အုပ်စိုးခဲ့သူဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် မဆလပါတီကို ထူထောင်၍ တပါတီအာဏာရှင်စနစ်ဖြင့် နိုင်ငံတော်ကို (၂၆)နှစ်တာ လွှမ်းမိုးချုပ်ကိုင်ထားစဉ် ၁၉၈၈ ခုနှစ် ဗမာပြည် ဒီမိုကရေစီအရေးတော်ပုံ ပေါ်ပေါက်လာခဲ့ရာ မဆလပါတီ ကျရှုံးပြီး ဦးနေဝင်း ရာထူးမှ ဆင်းပေးခဲ့ရသည်။ ရာထူးလက်ဆင့်ကမ်းပေးရချိန်တွင် ၎င်း၏ အမွေစားအမွေခံ တပည့်သားမြေးများဖြစ်သည့် မဆလတဖြစ်လဲ နဝတကို အာဏာလက်ဆင့်ကမ်းပေးခဲ့သူဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အုပ်စုက တိုင်းပြည်ကို စစ်အာဏာရှင်စနစ် ကျင့်သုံး၍ ယနေ့တိုင် ကြမ်းတမ်းရက်စက်စွာ ဖိနှိပ်အုပ်စိုးနေချိန်တွင် ဦးနေဝင်းကို စစ်အုပ်စုနောက်ကွယ်မှ ကြိုးကိုင်နေသူအဖြစ် မြန်မာ့နိုင်ငံရေးလောက အပါအဝင် တကမ္ဘာလုံးက ထင်မြင်ယူဆခဲ့ကြသည်။

ဦးနေဝင်းသည် ကွယ်လွန်ချိန်တွင် အသက် (၉၃) နှစ် ရှိပြီဖြစ်သည်။ ၎င်း၏ နောက်ဆုံးခရီးကို တပည့်သားမြေးများဖြစ်သည့် နအဖ စစ်ဗိုလ်ချုပ်ကြီး တဦးတယောက်မျှ တက်ရောက်လာခြင်း မရှိခဲ့ရုံမက ၎င်းနှင့်ခေတ်ပြိုင် နိုင်ငံရေးခေါင်းဆောင်များလည်း တက်ရောက်ခွင့်မရရှိခဲ့ကြောင်း သိရပြီး ဦးနေဝင်း သေဆုံးသည့်နေ့မှာပင် အာဏာပိုင်တို့၏ အမိန့်အရ အကျဉ်းရုံး၍ ရန်ကုန်မြို့ ဆင်ခြေဖုံးတနေရာရှိ ရေဝေးသုသာန်တွင် မထင်မရှား မီးသဂြိုလ်ခဲ့ကြောင်း သိရသည်။ ❖

# ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ ဦးနေဝင်းအပေါ် သုံးသပ်ချက်



**<u>ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော</u>**

ဒီဇင်ဘာ (၅) ဘီဘီစီ

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြစဉ် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များဖြစ်သည့် ဂျပန်ပြည်သို့ အတူတကွ သွားရောက်စစ်ပညာသင်ယူခဲ့ကြပြီး ကွယ်လွန်သူ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးဟောင်း ဦးနေဝင်းနှင့် နီးကပ်စွာ နေထိုင်ဖြတ်သန်းခဲ့ဖူးသူ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏ ဦးနေဝင်းအပေါ် သုံးသပ်ချက်ကို ဘီဘီစီအသံလွှင့်ဌာနမှတဆင့် ကူးယူ၍ ဖော်ပြပါသည်။

ဇော– ရဲဘော်သုံးကျိပ်ဝင်များအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်အကျိုးလုပ်သွားပြီး အစဉ်အလာကောင်းတွေ ထားခဲ့တယ်။ ဗိုလ်နေဝင်းကတော့ တိုင်းပြည်ကို နှစ်ပေါင်း (၄၀) ကျော် ဒုက္ခမျိုးစုံပေးတဲ့ စစ်အာဏာရှင်စနစ်ဆိုးကိုသာ ထားခဲ့တယ်။

စာမျက်နှာ(၁၁)၊ ကော်လံ(၄)သို့ ★